# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆရာ တပည့် ဆက်ဆံရေး**

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကို မင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့် ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

အတ္တဝဂ်(ဓမ္မပဒ - ၁၅၉)


၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၈၆)


# နေပြည်တော်ရှိ ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာ ဖွင့်ပွဲကျင်းပ



နေပြည်တော် ဥတ္တရသီရိမြို့နယ်မှ ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၅**

ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်ရှိ ရွှေနံ့သာအိမ်ရာစီမံကိန်းအတွင်း ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒေါက်တာ သန်းမြင့်၊ ဦးဝင်းခိုင်၊ ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်နှင့် ဦးကျော်လင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါအိမ်ရာရှေ့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၃ ✻*

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုညစာဖြင့် တည်ခင်း



*ပြည်တွင်းသတင်း စာမျက်နှာ - ၄*



## နှစ် (၇၀)ပြည့် အာဇာနည်နေ့ ဒို့မမေ့

*အာဇာနည်နေ့ ဂုဏ်ပြုဆောင်းပါး စာမျက်နှာ - ၆*

## တူရကီ အရေးပေါ်ကာလ ထပ်မံသက်တမ်းတိုးမည်

*နိုင်ငံတကာသတင်း စာမျက်နှာ - ၁၀*




မြန်မာ့အလင်း

## သစ်သယံဇာတပြုန်းတီးမှု ကာကွယ်တားဆီးရန်လို

နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပေါ်လျက်ရှိသော သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် အစိုးရအား တိုက်တွန်းကြောင်း အဆိုကိုပြည်သူ့လွှတ်တော်တွင်တင်သွင်းသည်ကို တွေ့ရသည်။ ၎င်းအဆိုကို စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဇူလိုင် ၁၃ ရက်နေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယခုနှစ်များအတွင်း ပမာဏများပြားလှသော တရားမဝင်သစ်ဖမ်းဆီးရမိသည့် သတင်းများမကြာခဏဆိုသလို သတင်းများတွင် တွေ့မြင်နေရသည်။ ဖမ်းမိသည့်နေရာများမှာလည်း ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနေရာအနှံ့တွင် ဖြစ်သည်ကိုတွေ့နေကြရသည်။ စာရင်းများအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်း ၄၆၁၅၃ တန် ဖမ်းဆီးရမိခဲ့ပြီး အမှုအရေအတွက်မှာ ၁၅၂၄၃ မှု ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်း ၅၀၀၂၆ တန်ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း ၁၆၃၂၀ မှု ဖြစ်သည်ကိုတွေ့ရသည်။ ထို့ကြောင့်ပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က "ကျွန်တော်တို့ဘိုးဘေးတွေ စနစ်တကျစောင့်ရှောက်ခဲ့ကြတဲ့ နောင်လာနောက်သားတွေ ရေရှည်သုံးဆောင်ခံစားရမယ့် သဘာဝတရားရဲ့အမွေ ကျွန်းပိတောက်၊ တမလန်းစတဲ့တိုင်းပြည် ရတနာတွေဟာ ထန်းလျက်ခဲ ခွေးလျက်သလို လုံးပါးပါးလာပါတော့တယ်၊ သစ်ခိုးထုတ်မှုတွေမှာ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်တာဝန်ရှိသူတွေကိုယ်တိုင်ပါဝင်ပတ်သက် ကျူးလွန်မှုတွေကို တွေ့ကြုံလာရပါတယ်"ဟု လွှတ်တော်သို့ ဆွေးနွေးတင်ပြသွားခြင်းဖြစ်ပါသည်။

ထိုသို့ဖမ်းဆီးရမိသောနှစ်နှစ်စာ သစ်တန်စုစုပေါင်း ၈၀၀၀ ကျော်ကို ကြမ်းခင်းဈေးဖြင့် တွက်လျှင်ပင် ငွေကျပ်သန်း ၉၀၀၀ ကျော် တန်ကြေးရှိသည်။ထိုမျှများပြားလှသောအကျိုးစီးပွားကြောင့် သစ်ခိုးထုတ်သူများ၏ တိုက်ခိုက်မှုများရှိခဲ့ပြီး ယခုအချိန်ထိ လက်ထောက်ညွှန်ကြားရေးမှူးအဆင့် တစ်ဦးအပါအဝင် စုစုပေါင်း ရှစ်ဦးသေဆုံးခဲ့ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက လွှတ်တော်တွင်ပြောကြားခဲ့သည်။ သစ်တောဦးစီးဌာန၏ထုတ်ပြန်ချက်အရ သစ်ဖမ်းဆီးရမိမှုနှင့်အတူ ကျူးလွန်သူ ၈၃၂၁ ဦး၊ သစ်တင်ယာဉ်အပါအဝင် အခြားဆက်စပ်ဖမ်းဆီးရမိသည့် ယာဉ်၊ ယန္တရား ၂၅၉၉ စီးကိုလည်း သိမ်းဆည်းရမိခဲ့သည်ဟု သိရသည်။

အဆိုပါ တရားမဝင်သစ်များမှာ မိုးပေါ်မှ သွားခြင်း၊မြေလျှိုး၍ သွားခြင်း မဟုတ်ဘဲ သစ်တောဂိတ်၊ရဲဂိတ်၊ လမ်းတံတားဂိတ် အဆင့်ဆင့်ကိုဖြတ်ကျော်၍ သွားနေခြင်းသာ ဖြစ်သည်။ ထို့ကြောင့် သစ်ကားတစ်စီးဖြတ်ရာလမ်းကြောင်းရှိ တာဝန်ရှိဂိတ်များအားလုံးနှင့်သက်ဆိုင်နေပါသည်။ ထိုလမ်းများတစ်လျှောက်ရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ သစ်တောဂိတ်၊ ရဲဂိတ်၊ လမ်းတံတားဂိတ်များ၊ မြို့နယ်အဆင့်တာဝန်ရှိသူများက တာဝန်ကျေပွန်အောင်ဆောင်ရွက်ကြပါက ယခုဖြစ်ပွားနေသည့် သစ်ခိုးထုတ်မှုများ၏ ၈၀ ရာခိုင်နှုန်းကို တားဆီးပြီးဖြစ်လိမ့်မည်ဟု လွှတ်တော်ကိုယ်စားလှယ်က ပြောကြားသွားခြင်းဖြစ်သည်။

သစ်ခိုးထုတ်မှုများတွင် ကျေးလက်နေပြည်သူများ ပါဝင်ပတ်သက်နေခြင်းမှာ အလုပ်အကိုင်ရှားပါးမှု၊ဆင်းရဲမွဲတေမှုတို့အပြင် နယ်စပ်ဒေသမတည်ငြိမ်မှု၊ တရားဥပဒေမစိုးမိုးမှုတို့နှင့်လည်း နီးကပ်စွာဆက်စပ်လျက်ရှိသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေးသည် အရေးကြီးသကဲ့သို့ နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးသည်လည်း အရေးကြီးပြဿနာပင်ဖြစ်ကြောင်း တွေ့ရပါသည်။

ယခုအခါ တရားမဝင်သစ်ဖမ်းဆီးမှုကို အားပေးသည့်အနေဖြင့် ဆုကြေးအဖြစ် ပုံစံ(၈) ကြမ်းခင်းဈေး၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးသူနှင့် ဖမ်းဆီးသည့် အဖွဲ့အစည်းပုဂ္ဂိုလ်ကို ၃၀ ရာခိုင်နှုန်း ယခုဘဏ္ဍာနှစ်မှစ၍ တိုးမြှင့်ပေးသွားမည်ဟုဆိုပါသည်။ ဖမ်းဆီးရမိသူများအား ဥပဒေများဖြင့် အရေးယူဆောင်ရွက်ခြင်းများရှိသော်လည်း ပြင်းထန်သော ပြစ်ဒဏ်များပေးရန် လိုနေပါသည်။တိုင်းပြည်၏ အဖိုးတန်ရတနာများဖြစ်သော သစ်သယံဇာတ၊ ရေသယံဇာတ၊မြေပေါ်မြေအောက်သယံဇာတများ တရားမဝင်ခိုးထွက်နေခြင်းများကို မကာကွယ်နိုင်ပါက အနာဂတ်တွင်ကြီးပြင်းလာကြမည့် နောင်လာနောက်သားများအပေါ် တာဝန်မကျေရာ ကျမည်ဖြစ်ကြောင်း အလေးထားတင်ပြရပါသည်။ ။

## (၉)ကြိမ်မြောက် မြန်မာ-ထိုင်း နယ်နိမိတ် ပူးတွဲကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာ-ထိုင်း နယ်နိမိတ်ပူးတွဲကော်မတီ (၉)ကြိမ်မြောက် အစည်းအဝေးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၂ရက်မှ ၁၄ ရက်အထိ ကျင်းပရာ မြန်မာ-ထိုင်း ပူးတွဲနယ်နိမိတ်ကော်မတီ (မြန်မာဘက်)ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ဆွေးနွေးခဲ့သည်။




မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များပါဝင်ပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့တွင် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Virasakdi Futrakul ဦးဆောင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးလုပ်ငန်းကို အမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်သည့် နယ်နိမိတ်တိုင်းတာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် မူကြမ်းရေးဆွဲနေသည့်ကိစ္စ၊ နှစ်နိုင်ငံ နယ်နိမိတ်မြစ်များတွင် မြေထိန်းနံရံများ တည်ဆောက်လိုပါက နှစ်ဖက် လိုက်နာရမည့် လမ်းညွှန်ချက်အား အတည်ပြုရန်ကိစ္စ၊ မဲဆိုင်-မဲဟောက်ချောင်း နယ်နိမိတ် ရေခွဲဝေအသုံးချရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ ဆွေးနွေးရာတွင် နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာနိုင်ရန်အတွက် ပါတ်ချန်မြစ်နှင့် ယင်း၏မြောက်ဘက်ကုန်းနယ်နိမိတ် စုစုပေါင်း မိုင် ၂၀၀ ခန့်အား ကောင်းကင်ဓာတ်ပုံ ရိုက်ကူးခြင်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ မှ ဧပြီလ ဆန်းအထိ ပူးတွဲဆောင်ရွက်ခဲ့ပြီး ဓာတ်ပုံမြေပုံ (Orthophoto Maps) များကို ထုတ်လုပ်နိုင်ခဲ့ခြင်းအား အတည်ပြုနိုင်ခဲ့သည်။

ဆက်လက်၍ နယ်နိမိတ်တိုင်းတာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား နှစ်ဖက်အတည်ပြု လက်မှတ်ရေးထိုးပြီးပါက နယ်နိမိတ်အား ကွင်းဆင်းတိုင်းတာ သတ်မှတ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## သွေးလွန်တုပ်ကွေး ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်လှူဒါန်းပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်မြို့ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စီစဉ်ကျင်းပသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်များလှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက်က ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရပ်ကွက်ရှိ နှစ်ကျိပ်ရှစ်ဆူမွှေ့ရုံနှင့် ဆရာစံမြောက်အနောက်ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျင်းပသည်။(ဓါတ်ပုံ)

ထို့အပြင် ဗဟန်းမြို့နယ်အတွင်းရှိ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ကျိုက္ကဆံရပ်ကွက်၊ ဗိုလ်စိန်မှန်ရပ်ကွက်တို့တွင်လည်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ရေစည်ရေအိုးများအတွင်း အဘိတ်ဆေးများ လိုက်လံခတ်ပေးခြင်း၊ ခြင်ထောင်များဆေးစိမ်ပေးခြင်းလုပ်ငန်းများကိုလည်း မြို့နယ်ဌာနဆိုင်ရာ များနှင့်အတူ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန္တာမေ(ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၅-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ . ၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ . ၈၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒီမိုကရေစီဝါဒကို ခေတ်စားအောင် လုပ်ရမယ်

**ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်။**

(၁၉၄၅ ခုနှစ် ဩဂုတ်လ စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)





* ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာ ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များသည် ရွှေနံ့သာတန်ဖိုးမျှတအိမ်ရာ တည်ဆောက်ထားမှုကို လှည့်လည်ကြည့်ရှုသည်။

ရွှေနံ့သာ တန်ဖိုးမျှတအိမ်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပြီးစီးခဲ့သည်။ အဆောက်အအုံများမှာ R.C ငါးထပ်နှင့် Steel Structure ငါးထပ်အမျိုးအစားများဖြစ်ပြီး အလျားပေ ၁၀၀၊ အနံ ၄၇ ပေစီရှိကြောင်း သိရသည်။ အဆောက်အအုံတစ်လုံးလျှင် အလျားပေ ၂၀၊ အနံ ပေ ၂၀ရှိ အခန်းစုစုပေါင်း ၄၀ စီ ပါဝင်ကြောင်း သိရသည်။

ရွှေနံ့သာ အိမ်ရာစီမံကိန်းတွင် တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာ ၂၂ လုံးဆောက်လုပ်မည်ဖြစ်ရာ ရှစ်ခန်းတွဲ ငါးထပ်အိမ်ရာ ရှစ်လုံး၊ လေးခန်းတွဲ လေးထပ်အိမ်ရာ ၁၂ လုံးနှင့် ခြောက်ခန်းတွဲ သုံးထပ်အိမ်ရာ နှစ်လုံးတို့ကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေနံ့သာ တန်ဖိုးမျှတအိမ်ရာ၌ မြေညီထပ်တစ်ခန်းလျှင် ငွေကျပ် ၁၃၅ သိန်း၊ ပထမထပ်တစ်ခန်းလျှင် ငွေကျပ် ၁၂၅ သိန်း၊ ဒုတိယထပ်တစ်ခန်းလျှင် ငွေကျပ်သိန်း ၁၂၀၊ တတိယထပ် တစ်ခန်းလျှင် ငွေကျပ် ၁၁၅ သိန်းနှင့် စတုတ္ထထပ် တစ်ခန်းလျှင် ငွေကျပ်သိန်း ၁၁၀ ဖြစ်ပြီး ဝယ်ယူမည်ဆိုပါက တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ကနဦးပေးသွင်းရမည်ဖြစ်ကာ ကျန် ၇၀ ရာခိုင်နှုန်းကို နှစ်ရှည်အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါအိမ်ရာစီမံကိန်းကို မြို့ပြကဏ္ဍ အိမ်ရာဖွံ့ဖြိုးတိုးတက်စေရန်၊ မြို့ပြပြဿနာများကို ဖြေရှင်းနိုင်ရန်၊ နေချင်စဖွယ် မြို့ပြပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန်၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော် လည်းကောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုအတွက်သော်လည်းကောင်း အခွင့်အလမ်းများဖော်ထုတ်နိုင်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ဘေးဒဏ်ခံနိုင်သည့် မြို့အဖြစ် ဖြစ်ထွန်းပေါ်ပေါက်စေရန်နှင့် နိုင်ငံသားများအားလုံး လူနေမှုဘဝမြင့်မားစေမည့် သင့်လျော်သော အိမ်ရာများရရှိစေရန် ရည်မှန်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## စက်ခလုတ်နှိပ် ဖွင့်လှစ်

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရွှေနံ့သာတန်ဖိုးမျှတ အိမ်ရာဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်**
(သတင်းစဉ်)



## မုံရွာမြို့ အခြေပြုပြေးဆွဲနေသော ရေယာဉ်များ ဇူလိုင် ၁၈ ရက်အထိ ပြေးဆွဲမှုရပ်နား

**မုံရွာ ဇူလိုင် ၁၅**

ချင်းတွင်းမြစ်တစ်လျှောက် မြို့ရွာများတွင် ကမ်းမပေါ်သေးဘဲ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးသောကြောင့် မုံရွာမြို့ အခြေပြုပြေးဆွဲနေသော လူစီး၊ ကုန်တင်ရေယာဉ်များကို နောက်ထပ်နှစ်ရက်တိုး၍ ဇူလိုင် ၁၈ ရက်ထိ ပြေးဆွဲမှုကို ပိတ်လိုက်ကြောင်း မုံရွာမြို့နယ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညွန့်ထွန်းထံမှ သိရသည်။

"အခုလောလောဆယ် မြို့အတော်များများကမ်းမပေါ်သေးဘူး။ စိုးရိမ်ရေမှတ်အထက်မှာရှိနေတုန်းပဲ။ မနက်ဖြန်သွားလို့ရှိရင် ရေကတန့်နေ၊ အီနေသေးတယ်ဆိုရင်တော့တစ်မျိုးပေါ့။ ပုံမှန်ဆိုရင်တော့ ၁၈ ရက်နေ့မှာ လွတ်မလို့ပါ။ ဒါပေမယ့် မော်တော်ပိုင်တွေပြောတာက ဖောင်းပြင်ကအိမ်တွေ ကျွတ်ပါသွားတာ၊မျောပါသွားတာမျိုး တစ်ခုခုဖြစ်ရင် ဖောင်းပြင်ဒေသခံတွေအနေနဲ့ အရေးယူတာတွေလုပ်မယ်ဆိုတဲ့အတွက် ၁၈ ရက်ထိပိတ်ပြီး ၁၉ ရက်မှာ စထွက်ဖို့ ဆုံးဖြတ်ခဲ့ကြတာပါ"ဟု ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီက မုံရွာမြို့နယ် ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီရုံးအစည်းအဝေးအပြီးတွင် ဦးမျိုးညွန့်ထွန်းက အတည်ပြုပြောကြားသည်။

ထွက်ခွာမောင်းနှင်ခွင့်ကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ပထမအကြိမ် ပိတ်ခဲ့ပြီး ချင်းတွင်းမြစ်ရေမှာ ဆက်တိုးနေသဖြင့် ဇူလိုင် ၁၆ ရက်အထိ လေးရက် ဒုတိယအကြိမ် ထပ်ပိတ်လိုက်ရာမှ ယခုနှစ်ရက်ထပ်တိုးကာ ၁၈ ရက်အထိ ပိတ်လိုက်ခြင်းဖြစ်သည်။ အန္တရာယ်ကင်းစေရန်အတွက် အားလုံးညှိနှိုင်းကာ ဆောင်ရွက်နေသော်လည်း ဇူလိုင် ၁၄ ရက် ညပိုင်းက ကနီမြို့ ရေဝင်နေသောကြောင့် မော်တော်ရေယာဉ်များ၊ အိမ်များ၊ တဲများသို့ ချည်နှောင်ခြင်းကို အိမ်ရှင် တဲရှင်များက ရေထဲကျွတ်ထွက်မျောပါမည့်အရေး တွေးကြောက်ကာ လက်မခံသောကြောင့် မြစ်အောက်ပိုင်းစုန်ဆင်းကာ မုံရွာဆိပ်ကမ်းအစွန်အထိ မောင်းလာပြီး တိတ်တဆိတ်ကမ်းကပ်ထားမှုများရှိကြောင်း ရဲတပ်ဖွဲ့၏ စုံစမ်းထားချက်များအရ သိရသည်။

၁၈ ရက်အထိ ပိတ်ပြီး ၁၉ ရက်တွင် ထွက်ခွာမည့် ကုန်တင်နှင့် လူစီးအမြန်ရေယာဉ်များအနေဖြင့် မီးသတ်ဆေးဘူးများ ပါဝင်ရမည်ဖြစ်သလို အသက်ကယ်ဖောကွင်းများ၊ အသက်ကယ်အင်္ကျီများ အပြည့်အစုံပါရမည်ဖြစ်ပြီး အဆိုပါပစ္စည်းများ စုံလင်စွာပါဝင်မှု ရှိ၊ မရှိကို သက်ဆိုင်ရာနှင့် ပူးပေါင်းကာရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အခြေခံရဲတပ်သားသစ်သင်တန်းဆင်း

**ပြည် ဇူလိုင် ၁၅**

ပြည်မြို့နယ် ဝက်ထီးကန် အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း(၁)၌ အခြေခံရဲတပ်သားသစ် အမှတ်စဉ်(၃၀၂/၁၇) သူရတပ်ခွဲ သင်တန်းဆင်းပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ရာ ကျောင်းအုပ်ကြီး ယာယီရဲမှူးကြီး ကျော်တေဇက သင်တန်းဆင်းမိန့်ခွန်း ပြောကြားပြီး ဆုရသင်တန်းသားများအား ဆုချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကြည်၊ အမှတ်(၁၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်ဇင်ဦး၊ ဒုတိယကျောင်းအုပ်ကြီး ယာယီရဲမှူးကြီးလှမြင့်၊ ရွှေပြည်သာလူငယ်ပြုစုပျိုးထောင်ရေးစခန်းမှ စခန်းမှူး (ယာယီ)ဒုတိယရဲမှူးကြီး ဇော်မင်းဦး၊ သတင်းရဲတပ်ဖွဲ့(ပြည်)နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးတပ်ဖွဲ့(ပြည်)မှ တာဝန်ခံအရာရှိများ၊ နည်းပြမှူးချုပ် ရဲမှူးကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၅**- မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အိန္ဒိယတပ်မတော် (ကြည်း၊ရေ၊လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုညစာဖြင့် တည်ခင်း

**နေပြည်တော် ဇူလိုင် ၁၅**

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၁၄ ရက်ညပိုင်းတွင် အိန္ဒိယတပ်မတော် (ကြည်း၊ရေ၊လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba က ၎င်း၏နေအိမ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့်သုံးဆောင်နေချိန်တွင် အိန္ဒိယတပ်မတော်(ရေ)တီးဝိုင်းအဖွဲ့မှ နှစ်နိုင်ငံသီချင်းများအား တီးမှုတ်သီဆိုဖျော်ဖြေကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က အိန္ဒိယတပ်မတော်(ရေ)တီးဝိုင်းအဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းနှင့်ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးမောင်ဝေနှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမှ မိသားစုဝင်များနှင့် ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများ၊ ချီးမြှင့်ငွေများနှင့် တပ်မတော်အထည်ချုပ်စက်ရုံများမှ ချုပ်လုပ်သည့် အဝတ်အထည်များအား ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားအရာရှိများက လက်ခံရယူကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သံရုံး၊ စစ်သံရုံးမိသားစုများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် နယူးဒေလီမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြပြီး ညပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယတပ်မတော် (ကြည်း၊ရေ၊လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ Admiral Sunil Lanba တို့ အပြန်အလှန်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ် (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြစ်ကြီးနားမြို့၌ တိုက်ပွဲရှောင်မိသားစုများအား တွေ့ဆုံအားပေး



**မြစ်ကြီးနား ဇူလိုင် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးနှင့်အတူ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် နှစ်ခြင်းခရစ်ယာန်အသင်းတော်ဝင်း အတွင်းရှိ တိုက်ပွဲရှောင်ယာယီစခန်းသို့ သွားရောက်ပြီး မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ (ဝဲပုံ) ပြည်ထောင်စုဝန်ကြီးက တိုက်ပွဲရှောင်မိသားစုများအတွက် ဆန်၊ ဆီ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက ဆန်အိတ်နှင့် စားသုံးဆီများကိုလည်းကောင်း၊ ငြိမ်းချမ်းရေးဂီတပွဲတော် အဖွဲ့သူ/ အဖွဲ့သားများကိုယ်စား တေးရေးနောင်နောင် (Sun Flower)က ငြိမ်းချမ်းရေးလိုဂို (LOGO)တံဆိပ်ပါ တီရှပ်များကိုလည်းကောင်း၊ Premier မိသားစုက စားသောက်ကုန်ပစ္စည်းများနှင့် မြန်မာ့ကြယ်စင်လင်းကုမ္ပဏီက စားသုံးဆီ၊ ငါးခြောက်နှင့် စားသောက်ကုန်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မိသားစုဝင်များက လက်ခံရယူပြီး မိသားစုဝင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုက်ပွဲရှောင်မိသားစုများ၏ နေအိမ်များကိုလှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက်၌ လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြစ်ကြီးနားမြို့၌ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဖွင့်ပွဲကျင်းပသွားမည့် လူမှုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိများအား မှာကြားခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏ ၄၉၄၃ ဒသမ ၂၄ သန်းရှိ

**နေပြည်တော် ဇူလိုင် ၁၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မေလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၂၉ ဒသမ ၁၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၇၅ ဒသမ ၄၆ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၀၄ ဒသမ ၅၇ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၉၉ ဒသမ ၀၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၃၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၅၉ ဒသမ ၃၄ သန်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မေလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၉၆၃ ဒသမ ၉၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၅၄ ဒသမ ၇၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃၁ ဒသမ ၁၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၆ ဒသမ ၂၆ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၆၇ ဒသမ ၄၁ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၂၅ ဒသမ ၁၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိ ကန်ဒေါ်လာ ၄၅၀ ဒသမ ၇၂ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၉၇၅ ဒသမ ၈၃ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၄၉၄၃ ဒသမ ၂၄ သန်းဖြစ်ပြီး ကုန်သွယ်မှု လိုငွေ အမေရိကန်ဒေါ်လာ ၁၀၀၈ ဒသမ ၄၂ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**

❍ ကျောဖုံးမှ

ထို့အတူ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ် ဆာပါချောင်ကျောင်းစု ရပ်ကွက်တို့အား နေ့စဉ် ကူးသန်းသွားလာနေသော သံထည်လုပ်သား၊ လွှန်လုပ်သား၊ အနေးယာဉ်လုပ်သားများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများစွာရှိ၍ ကူးတို့ဆိပ်အား ယာယီနေရာချထား စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ စက်တပ်သမ္ဗန်အစင်း ၂၀ ခန့်ရှိသောကြောင့် ကမ်းကပ်ရာတွင် အခက်အခဲရှိကြောင်း၊ ရေစီးသန်ခြင်းတို့ကြောင့် ဒေသခံပြည်သူများ အသက်အန္တရာယ်လုံခြုံမှုရှိစေပြီး သွားလာမှု အဆင်ပြေရန် သဲနှစ်ကျင်းခန့်ဝယ်ပြီး ယာယီလမ်းပြုလုပ်ထားကြောင်း ကျောင်းစုကူးတို့ဆိပ် သမ္ဗန်ရေယာဉ်ဥက္ကဋ္ဌ ဦးမြင့်ရွှေက ပြောကြားခဲ့သည်။

အဆိုပါ ရေထိန်းနံရံပြိုကျမှုမှာ ရာသီဥတုအခြေအနေကြောင့် ထပ်မံဖြစ်ပွားနိုင်၍ ပြည်သူများ အန္တရာယ်ရှိနိုင်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဆာပါချောင်ကျောင်းစုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်တို့က ယနေ့မွန်းတည့် ၁၂ နာရီခန့်က သွားရောက်ကြည့်ရှုခဲ့ပြီး အနီးရှိနေအိမ်များနှင့် ဈေးဆိုင်များ၊ ကျူးကျော်တဲများအား ရွှေ့ပြောင်းနေထိုင်ကြရန် အထူးသတိပေးပြောကြားခဲ့ကြောင်း သိရသည်။

ရေထိန်းနံရံပြိုကျမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က "ကျွန်တော်တို့အနေနဲ့က မြို့နယ်ဌာနဆိုင်ရာတွေက တာဝန်ရှိသူတွေ၊ အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီး ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကို နည်းလမ်းရှာမှာပါ။ ဒါက ရေအရင်းအမြစ်နဲ့ သက်ဆိုင်တာကြောင့် နည်းပညာက ရေအရင်းအမြစ်မှာပဲရနိုင်မှာပါ။ အခုလောလောဆယ်မှာတော့ အနီးမှာရှိတဲ့ နေအိမ်တွေ၊ ဈေးဆိုင်တွေနဲ့ မလွတ်တာကြောင့် အန္တရာယ်ရှိလို့ အထူးသတိထားပြီးနေကြဖို့နဲ့ ယာယီရွှေ့ပြောင်းခိုင်းထားပါတယ်"ဟု ပြောသည်။

အဆိုပါ ဆာပါချောင်ကျောင်းစု ရပ်ကွက်အတွင်း တံ့တေးတူးမြောင်းဘေးရှိ ရေထိန်းနံရံကို ၂၀၁၄ ခုနှစ်က စတင်ဆောင်ရွက်ထားပြီး ၂၀၁၅ခုနှစ်အတွင်း ပြီးစီးကြောင်း၊ ရေထိန်းနံရံမှာ ကျောက်စီရေထိန်းနံရံဖြစ်ပြီး အလျားပေ ၇၀၀ ကျော်နှင့် အမြင့် ၁၂ ပေခန့်ရှိကြောင်း၊ မြေပြိုကျမှုကြောင့် အနီးရှိ ကျူးကျော်တဲငါးလုံးနှင့် စက်တပ်သမ္ဗန်ရုံးကို ယာယီရွှေ့ပြောင်းထားကြောင်းသိရသည်။

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**(သတင်းစဉ်)**

# နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ပြည်ပမှ နှလုံးအထူးကု ဆရာဝန်ကြီးများနှင့် ပူးပေါင်းကုသမှုပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများနှင့် စဉ်ဆက်မပြတ် ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဂျပန်နိုင်ငံရှိ Tenyoukai Central Hospital မှ နှလုံးအထူးကုဆရာဝန်ကြီး Dr. Takashi Kajiya နှင့် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးမှ နှလုံးအထူးကု ဆရာဝန်ကြီး ဒေါက်တာသက်ဟိန်း ဦးဆောင်သော အဖွဲ့တို့ ပူးပေါင်း၍ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များကို နှလုံးရောဂါရှာဖွေခြင်း (Coronary Angiogram) နှင့် နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့် ကုသခြင်းတို့ကို ယနေ့နံနက်ပိုင်းမှ စတင်ကုသပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ ကုသပေးနေမှုများကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ပြီး အထူးကုဆရာဝန်ကြီးများနှင့် လူနာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် မြို့တော်ဝန်က တာဝန်ရှိသူများအနေဖြင့်လည်း ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အပြင် နိုင်ငံတကာမှ ဆရာဝန်ကြီးများအား ဖိတ်ခေါ်၍ ယခုကဲ့သို့ ကုသမှုဆောင်ရွက်ပြီး ဆေးပညာဖလှယ်နိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင် နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများဖြင့် နှလုံးသွေးကြောကျဉ်း ရောဂါဆိုင်ရာ ကုသမှုမှာ စုစုပေါင်း ခြောက်ကြိမ်ရှိပြီး





ယခု ဆဋ္ဌမအကြိမ်ကို ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်အထိ ကုသမှုပေးမည်ဖြစ်ကြောင်း၊ ယနေ့ နံနက်ပိုင်းမှစ၍ ဝေဒနာရှင် ကိုးဦးအား ကုသပေးလျက်ရှိကြောင်းနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးရှိ နှလုံးအထူးကု ဆရာဝန်ကြီးဖြင့်လည်း အချိန်မရွေး ကုသမှုခံယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဂွမြို့နယ် မြို့ပေါ်သုံးရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၉ ရွာ ဇူလိုင်လမှစတင်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ မီးရရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ရခိုင်ပြည်နယ် ဂွမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ကာ ဂွမြို့ပေါ်ရပ်ကွက်သုံးခုရှိ အိမ်ခြေ ၁၆၇၃ စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၉ ရွာရှိ အိမ်ထောင်စု ၂၄၈၆ စုတို့အတွက် ဇူလိုင်လမှ စတင်၍ ၂၄ နာရီ မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခင်က ဂွမြို့နယ်အား ဒီဇယ်စနစ်ဓာတ်အားပေးစက် ၅၀၀ ကေဗွီအေ တစ်လုံးနှင့် ၃၁၅ ကေဗွီအေတစ်လုံး စုစုပေါင်း နှစ်လုံးဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၄ မိုင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၆ ဒသမ ၈၉ မိုင်နှင့် ၁၁/၀.၄ ၁၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ သုံးခု စုစုပေါင်း တပ်ဆင်အင်အား ၃၀၀ ကေဗွီအေ တည်ဆောက်ကာ မြို့ပေါ်ရပ်ကွက် သုံးခုကိုသာ ဓာတ်အားပေးနိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် လျှပ်စစ်ဓာတ်အားမရရှိသေးသည့် မြို့များနှင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အတိုးမဲ့(သို့မဟုတ်) အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများရယူ၍ လည်းကောင်း၊ ပြည်ထောင်စုအစိုးရဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ ဘတ်ဂျက်ဖြင့်လည်းကောင်း ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ နှစ်အလိုက်စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဂွမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ဓာတ်အားခွဲရုံတည်ဆောက်ရေး ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကာ ၆၆/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဂွဓာတ်အားခွဲရုံ တည်ဆောက်ရေး



ဂွမြို့နယ်ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံကို တွေ့ရစဉ်

လုပ်ငန်းနှင့် ၆၆ ကေဗွီ အသုတ်- ဂွ ဓာတ်အားလိုင်း ၅၅ မိုင် တည်ဆောက်ရေးလုပ်ငန်းများမှာ ငါးသိုင်းချောင်း(ဝေနန်မြစ်ကျော်)အပိုင်းမှလွဲ၍ ၂၀၁၆ ဒီဇင်ဘာလအတွင်း ပြီးစီးခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်း(ဝေနန်မြစ်)ကျော် တာဝါတိုင်လေးတိုင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တာဝါတိုင်ကျရောက်သည့် မြေပိုင်ရှင်များက ကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန် ၁၉ ရက်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကာ ၂၃၀ ကေဗွီ အသုတ်ဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဂွဓာတ်အားခွဲရုံသို့ ဓာတ်အားများ စတင်ပို့လွှတ်နိုင်ခဲ့သည်။ ထို့နောက် ဇွန် ၃၀ ရက်မှစတင်ကာ ၆၆ ကေဗွီ အသုတ်ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဒေါင်းချောင်း၊ ညောင်ချောင်း၊ မကျေးငူ ဖီဒါများမှတစ်ဆင့် ဂွမြို့ပေါ် သုံးရပ်ကွက်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာ နှစ်ရွာသို့ ဓာတ်အား စတင်ပို့လွှတ်၍ ၂၄ နာရီဖြန့်ဖြူးပေးနိုင်ခဲ့ကာ ကျန်ရှိသော ကျေးရွာ ၁၇ ရွာကို ဇူလိုင်လအတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ပို့လွှတ်ကာ ၂၄ နာရီ မီးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် မီးပေးနိုင်ရေးအတွက် ဂွမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ ၁၉ ရွာအတွက် ၁၁ ကေဗွီ ဓာတ်အားခွဲရုံ စုစုပေါင်း ၃၆ ခုကို ငွေကျပ် ၁၈၁၂ ဒသမ ၀၅ သန်းခန့် အကုန်အကျခံဆောင်ရွက်ခဲ့ပြီး ကျေးရွာများရှိ ပြည်သူများအား အိမ်သုံးမီတာများ တပ်ဆင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်အလိုက် တိုးတက်လာသော ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးတို့ အတွက် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုကဏ္ဍသုံးရပ်ကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အိမ်ထောင်စုအရေအတွက် ၁၀၈၇၇၈၃၂ စုခန့် ရှိသည့်အနက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ဓာတ်အားရရှိ မီးလင်းပြီး အိမ်ထောင်စုအရေအတွက် ၃၆၉၈၂၁၉ စု ရာခိုင်နှုန်းအားဖြင့် ၄၃ ရာခိုင်နှုန်းရှိ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မေလအထိ လျှပ်စစ်ဓာတ်အားရရှိပြီး အိမ်ထောင်စုအရေအတွက် ၄၁၆၅၁၄၅ စု ရာခိုင်နှုန်းအားဖြင့် ၃၈ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးရရှိနိုင်ခဲ့ပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သီဟစည်သူ**



သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် တပ်ကုန်းမြို့နယ် ရွှေမြို့နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်ဝင်းဗိုလ် ဇူလိုင် ၁၁ ရက်က နွယ်ရစ်ကျေးရွာ အလက(ခွဲ)၌ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောစဉ် မောင်လွင်(တပ်ကုန်း)

# မော်တောင်နယ်စပ်ဂိတ်မှ မြန်မာလုပ်သားများ ဆက်လက်ဝင်ရောက်လျက်ရှိ

**တနင်္သာရီ ဇူလိုင် ၁၅**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့် နေထိုင်ခွင့်အထောက်အထား ပါမစ်မရှိသည့် မြန်မာလုပ်သားများ ထိုင်းနိုင်ငံ ဒန်စင်ခွန်းယာယီနယ်စပ်ဖြတ်သန်းဂိတ်မှတစ်ဆင့် တနင်္သာရီမြို့နယ် မော်တောင်နယ်စပ်စစ်ဆေးရေးဂိတ်သို့ ဇူလိုင် ၁၄ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၃ ဦးတို့ ပြန်ဝင်ရောက်လျက်ရှိကြသည်။

ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ထိုင်းနိုင်ငံ၌ နေထိုင်ခွင့် အထောက်အထား ပါမစ်မရှိ၍ မော်တောင်နယ်စပ်စစ်ဆေးရေးဂိတ်သို့ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် စသည့်ဒေသများမှ နေ့စဉ်ဆက်လက်ဝင်ရောက်လာသော မြန်မာလုပ်သားများဦးရေ စုစုပေါင်း ၁၁၅၅ ဦး ရှိပြီဖြစ်ကြောင်း မြို့မရဲစခန်းမှ သိရသည်။

နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး စိုးမင်းအောင်နှင့် အရာရှိ၊ စစ်သည်များ၊ တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးထွန်းလှိုင်၊ မော်တောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအဖွဲ့များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ထိုင်းနိုင်ငံမှ ဆက်လက်ပြန်လည်ဝင်ရောက်လာကြသည့် အထောက်အထားမဲ့ မြန်မာလုပ်သားများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြပြီး နေရပ်ပြန်ရန် အခက်အခဲရှိသူများကိုလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ထန်တလန်မြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**ထန်တလန် ဇူလိုင် ၁၅** - ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်များ တရားဝင်ကိုင်ဆောင်နိုင်ရန်ရည်ရွယ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် ဝန်ထမ်းများသည် အသက်(၁၀)နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထန်တလန်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားကျောင်းသူ ၃၆ ဦးတို့အား ဇူလိုင် ၇ ရက်ကလည်းကောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့အား ဇူလိုင် ၁၄ ရက်ကလည်းကောင်း ပြုလုပ်ပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# နှစ်(၇၀)ပြည့် အာဇာနည်နေ့ ဒို့မမေ့

**ဟံသာဝတီ-ဦးအုန်းကြိုင်**

◆ မုတ်သုံနိုးသည်
ဆယ့်ကိုး ဇူလိုင်၊ မမေ့နိုင်ခဲ့
မခိုင်စိတ်ဝမ်း၊ မလန်းဘဝင်
မရွှင်နှလုံး၊ ကြိမ်မီးအုံးသို့
ညှိုးချုံးပူဆွေး၊ မမေ့သေးခဲ့
အရေးခုတိုင်၊ ကြုံဆိုင်ရဆဲ
နေမိခဲ့ရှင့်...။ ။

◆ ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်သူ့ပန်းတို့
သွေးလှူမ်းပေးဆပ်၊ သက်နှင်းအပ်လျက်
မြေမြတ်မြန်ပြေ၊ လွတ်လပ်စေခဲ့
ဒို့တွေခံစား၊ ကျေးဇူးတရားကို
မေ့ငြားမရှိ၊ အစဉ်သိလျက်
နေ့ရှိသမျှ၊ သတိရသည်
"အာဇာနည်နေ့"၊ ဒို့မမေ့...။ ။

**၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့**

ရန်ကုန်မြို့ အတွင်းဝန်များရုံးအပေါ်ထပ် စပတ်လမ်းဘက်(ယခု ဗိုလ်အောင်ကျော်လမ်းဘက်) ကာကွယ်ရေးဝန်ကြီးရုံးစည်းဝေးခန်းမ၌ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ (Governor's Excutive Council) ခေါ် ဗိုလ်ချုပ်အောင်ဆန်းသဘာပတိအဖြစ် ဆောင်ရွက်သော အစိုးရဝန်ကြီးများအဖွဲ့အစည်းအဝေးကျင်းပနေစဉ် ဂဠုန်ဦးစော၏ တပည့်လက်သားနောက်လိုက်များ၏ လုပ်ကြံမှု လက်ချက်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဒုတိယအတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့် ကိုထွေးတို့ ကျဆုံးခဲ့ရလေသည်။

ထိုနေ့က ကျဆုံးခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအနက်မှ ဒီးဒုတ်ဦးဘချိုသည် ရန်ကုန်ဆေးရုံသို့ ရောက်သည်အထိ အသက်ပါလာသော်လည်း သတိမရဘဲ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ကွယ်လွန်သွားခဲ့သည်။ ထို့အတူ မိုင်းပွန်စော်ဘွားကြီးမှာလည်း နောက်တစ်နေ့ ဇူလိုင်လ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင်မှ ကွယ်လွန်သွားခဲ့သည်။ ကျန်အာဇာနည်ကြီးများမှာ အစည်းအဝေးခန်းမအတွင်း၌ပင် မသမာသူလူယုတ်မာတစ်စု၏ လက်ချက်ဖြင့် သေဆုံးကြရရှာသည်။ ထိုနေ့က အာဇာနည်ကြီးများ လုပ်ကြံခံရသည့် အချိန်ကို နံနက် ၁၀ နာရီ ၃၇ မိနစ်တိတိဟု နိုင်ငံတော်အစိုးရက သတ်မှတ်ခဲ့သည်။

အာဇာနည်ကြီးများ ကျဆုံးသည့်နေ့က အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသော်လည်း အသက်မသေဘဲ လွတ်မြောက်ခဲ့ကြသည့် ဝန်ကြီးသုံးဦးတို့မှာ ပျော်ဘွယ် ဦးမြ၊ ဦးဗဂျမ်းနှင့် ဦးအောင်ဇံဝေတို့ ဖြစ်သည်။ ပြည်ပခရီးထွက်နေသော ဦးကျော်ငြိမ်းနှင့် ပုသိမ်မြို့သို့ ရောက်နေသော စောစံဖိုးသင်တို့ အစည်းအဝေးမတက်ဖြစ်၍ လုပ်ကြံမှုကြီးဘေးမှ လွတ်မြောက်ခဲ့ကြသည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးခုနစ်ဦးကျဆုံးခဲ့ရ၍ ငါးဦးအသက်ရှင်ကျန်ခဲ့ကြသည်။

**တစ်ဗိုလ်ကျ တစ်ဗိုလ်တက်၍**

ထိုနေ့က လုပ်ကြံမှုကြီးဖြစ်ပွားပြီးသည့်နောက် ညတွင်းချင်းပင် မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၏ အမှုဆောင်ကောင်စီ (အစိုးရအဖွဲ့သစ်)ကို ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌသခင်နုအား ဦးဆောင်စေ၍ ဖွဲ့စည်းလိုက်သည်။

**တစ်နိုင်ငံလုံး ကြိမ်မီးအုံးသို့**

ဖဆပလ အဖွဲ့ချုပ်မှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အမျိုးသားခေါင်းဆောင်ကြီးများ၊ လူယုတ်မာ လူသတ်သမားတို့၏ လက်ချက်ဖြင့် ကျဆုံးကြရသည်ဖြစ်၍ ထိုနေ့ရက်များကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး ဝမ်းနည်းကြေကွဲသောနေ့များအဖြစ် သတ်မှတ်ခဲ့သည့်အတွက် ရန်ကုန်မြို့ကြီးသည် တိတ်ဆိတ်ခြောက်သွေ့လျက်ရှိကာ ရပ်ကွက်အသီးသီး၊ လမ်းအသီးသီးတို့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်များပြုကြလျက် ဆွမ်းသွတ်ခြင်း၊ အလှူအတန်းပြုကြခြင်းများသာ ရှိနေကြလေသည်။ တစ်နိုင်ငံလုံးရှိ အစိုးရရုံးများ၊ ရုပ်ရှင်ရုံများ၊ ပျော်ပွဲရွှင်ပွဲများပိတ်ထားကြပြီး နေအိမ်တိုက်တာအဆောက်အအုံတိုင်းတွင် နိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူကြလေသည်။

**အစိုးရသစ်တက်ပြီ**

မြန်မာတစ်နိုင်ငံလုံး ကြိမ်မီးအုံးသို့ ပူဆွေးသောကရောက်နေကြသောအချိန်တွင် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲဝင် ရှေ့ဆောင်တပ်ပေါင်းစုံကြီးဖြစ်သော ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ တိုင်းပြု၊ ပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ သခင်နုသည် ဗိုလ်ချုပ်တို့ ကျဆုံးခဲ့ရသော ဇူလိုင်လ(၁၉) ရက်နေ့ညနေကပင် တစ်ဗိုလ်ကျ၊ တစ်ဗိုလ်တက်ဟူသော စကားအတိုင်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏နေရာကို ဆက်ခံဆောင်ရွက်ခဲ့ပြီး ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများ၏ နေရာအသီးသီးတွင်လည်း ဖဆပလ ခေါင်းဆောင်အသီးသီးတို့က ဆက်လက်တာဝန်ယူလိုက်ကြခြင်းဖြင့် မြန်မာနိုင်ငံအစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ကြလေသည်။

**အရေးကြီးဆုံးမိန့်ခွန်း**

ထိုအချိန်က အလွန်တာဝန်ကြီးလေးလှသော ဗိုလ်ချုပ်အောင်ဆန်း၏နေရာကို ဆက်ခံတာဝန်ယူထမ်းဆောင်သည့် ဝန်ကြီးချုပ်သခင်နု၏ သမိုင်းဝင်အရေးအကြီးဆုံး မိန့်ခွန်းကို ယနေ့ကျရောက်သော နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ထုတ်ဖော်တင်ပြလိုပေသည်။ ထိုမိန့်ခွန်းကို ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးနောက် သုံးရက်မြောက်နေ့ဖြစ်သော ဇူလိုင်လ ၂၁ ရက်နေ့ညတွင် နိုင်ငံတော်အသံလွှင့်ဌာန (မြန်မာ့အသံ)မှ တိုင်းပြည်သို့တိုက်ရိုက်ပြောကြားသော သမိုင်းဝင်မိန့်ခွန်း ဖြစ်ပါသည်။ ထိုအသံလွှင့်မိန့်ခွန်းကို အောက်တွင် အပြည့်အစုံ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဈာပန ပို့ဆောင်သည့် အခမ်းအနားတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ လမ်းဘေးဝဲယာမှ စောင့်မျှော်နေကြသည့် လူထုပရိသတ်များကို တွေ့ရစဉ် ဓာတ်ပုံ- မြို့မ ဦးမောင်မောင်ကြီး

**အာဇာနည်နေ့အတွက် သမိုင်းဝင်မိန့်ခွန်း**

ကျုပ်တို့ရဲ့ဗိုလ်ချုပ်နဲ့ ရဲဘော်ကြီးများဖြစ်ကြတဲ့ သခင်မြ၊ ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွား၊ ဆရာကြီးဦးရာဇတ်၊ ဦးဘဝင်းတို့ဟာ ရန်သူ့လက်ချက်နဲ့ ကျဆုံးကြရပြီဆိုတာကို တိုင်းပြည်ကအသိဖြစ်ပြီ။ ကျွန်တော်လည်း ဒီအကြောင်းနဲ့ ပတ်သက်ပြီး တိုင်းပြည်ကို အသံလွှင့်ဖို့သင့်တာအတော်ကြာပြီ။ ဒါပေမယ့် စိတ်တွေက နောက်ကျိကျိဖြစ်နေတာနဲ့ စကားရှည်ရှည် တယ်ပြီးမပြောချင်လို့ ယခုထက်တိုင်အချိန်ကြာသွားရခြင်းဖြစ်ပါတယ်။

**လွတ်လပ်ရေးတိုက်ပွဲအကြိတ်အနယ်ဖြစ်ချိန်**

ဗမာ့လွတ်လပ်ရေးတိုက်ပွဲဟာ အကြိတ်အနယ်ဖြစ်နေတဲ့ အချိန်အခါမှာ တစ်တိုင်းတစ်ပြည်လုံးရဲ့ လက်ရုန်းကြီးတွေ ကျဆုံးသွားရတာကို လွတ်လပ်ရေးယူချင်သူအပေါင်းကတော့ အင်မတန်မှဘဲ နှမြောတသ ယူကျုံးမရဖြစ်ကြမှာဘဲ။ ဖြစ်မယ်ဆိုရင် ဖြစ်ထိုက်ပါတယ်။

**တစ်သက်မှာတစ်ခါမှမကြုံဖူးပေါင်**

ဗိုလ်ချုပ်အကြောင်းဆိုရင် တစ်တိုင်းပြည်လုံး ကောင်းကောင်းသိတာပဲ။ ကျွန်တော် ထပ်ပြီး ဖော်ပြနေစရာမလိုသလောက်ပါဘဲ။ ဒါပေမယ့် နည်းနည်းတော့ ကျွန်တော်ပြောချင်သေးတယ်။ ဗိုလ်ချုပ်ရဲ့ဖြူစင်တဲ့စေတနာ၊ တည်ကြည်တဲ့ သမာဓိတွေကို အားကိုးနဲ့ ကျွန်တော်တို့တစ်သက်မှာဖြင့် တစ်ခါမှမကြုံဖူးအောင် တစ်တိုင်းတစ်ပြည်လုံးဟာ ထူးထူးကဲကဲကြီး စည်းလုံးညီညွတ်လာပါတယ်။

**ဗမာတွေစည်းလုံးညီညွတ်ခဲ့တာ**

ရှမ်း၊ ချင်း၊ ကချင် အစရှိတဲ့ တောင်ပေါ်သားများဆိုရင်လည်း အခြားအရှိန်တွေနဲ့ ဗိုလ်ချုပ်ရဲ့အရှိန်ကြောင့် ဗမာတွေနဲ့ ပိုမိုရင်းနှီးစည်းလုံးလာခဲ့ကြတယ်။ ကရင်တွေဆိုလျှင်လည်း ဗိုလ်ချုပ်ကို ပုဂ္ဂိုလ်စွဲနဲ့ ကြည်ညိုယုံကြည်ကြတာက အစပြုပြီး ဗမာတွေနဲ့ပိုမိုရင်းနှီး သွေးစည်းခဲ့ကြပါတယ်။ ဗမာလူထုဆိုတာကတော့ အထူးပြောစရာမလိုဘူး။ လူထုနဲ့ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်နဲ့လူထုဆိုတာ ခွဲမရအောင်ဖြစ်ခဲ့ရပါတယ်။ အမှန်စင်စစ် အဲ့ဒီလို ရှင်ကွဲခွဲမရလို့ သေကွဲကွဲအောင် ဒီလူယုတ်မာတွေ ဗိုလ်ချုပ်ကို သေကြောင်းကြံတာပါပဲ။ အဲ့ဒီလောက်ထိ ဗိုလ်ချုပ်ရဲ့အရှိန်ကိုခိုပြီး တစ်နိုင်ငံလုံးစည်းရုံးခဲ့ပါတယ်။ နှစ်ပေါင်း ၂၀၀၀ ကျော်ရှိတဲ့ ဗမာရာဇဝင်တစ်ခုလုံးကို လှန်လှောရှာဖွေလိုက်လျှင် ဗမာတွေဒီလိုစည်းလုံးခဲ့တာမျိုးဟာ (၁)ဘုရင်အနော်ရထာမင်းစောလက်ထက်မှာ တစ်ကြိမ်၊ (၂) ဘုရင့်နောင် လက်ထက်မှာတစ်ကြိမ်၊ (၃) ဘုရင်ဆင်ဖြူရှင်လက်ထက်မှာ တစ်ကြိမ် ဒီလေးကြိမ်ပဲ ရှိခဲ့ဖူးပါတယ်။

**သခင်မြ မလိုက်နာနိုင်တာ မရှိ**

ရဲဘော်သခင်မြဆိုလျှင်လည်း ရိုးသားတယ်။ တည်ကြည်တယ်။ ဖြောင့်မတ်တယ်။ သဘောကောင်းတယ် အစရှိတဲ့ ဂုဏ်ပုဒ်တွေကိုတော့ တိုင်းပြည်အသိပါပဲ။ ဒါပေမယ့် လူရင်းတွေလောက်သာသိပြီး တိုင်းပြည်က ကောင်းကောင်းမသိသေးတဲ့အချက်တွေလည်း ရှိပါသေးတယ်။ ကျွန်တော်တို့အထဲမှာဖြင့် ပေါ်လာတဲ့ကိစ္စတိုင်းကို ခပ်အေးအေးစဉ်းစားဝေဖန်ဆုံးဖြတ်တဲ့လူဟာ သခင်မြပါပဲ။ ဗိုလ်ချုပ်တို့၊ ကျွန်တော်တို့ ရှူးရှူးရှားရှားဖြစ်ပေမယ့် သခင်မြဟာ ဘယ်တော့မှ ရှူးရှူးရှားရှားမဖြစ်ဘူး။

အဲဒီတော့ အရေးကြီးတဲ့ဆုံးဖြတ်ချက်တစ်ခုခုကို လုပ်စရာရှိရင် သခင်မြကခေါင်းညိတ်လိုက်မှ ဒီဆုံးဖြတ်ချက်ဟာ ချမှတ်လို့ပြီးတယ်။ သခင်မြက ဒီလိုခေါင်းညိတ်လိုက်မှပဲ ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်ဟာ အလွန်အကျုံတွေမပါ၊ အတိမ်းအစောင်းမဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ယုံကြည်ယူဆတယ်။ သခင်မြဟာ ပုံသဏ္ဌာန်အားဖြင့် ခပ်အေးအေး ခပ်နုနုဖြစ်ပေမယ့် ဘယ်လောက်ကြမ်းတဲ့ ဆုံးဖြတ်ချက်ကို ချချ၊ သခင်မြ မလိုက်နာနိုင်တာမရှိဘူး။

**အားကိုးရလောက်တဲ့ ဦးဘချို**

ဦးဘချိုကတော့ ကျွန်တော်တို့ ကောလိပ်ကျောင်းမှာ ပညာသင်ကြားနေတဲ့ အချိန်ကတည်းကစပြီး ဆရာသမားအရင်းအဖြစ်နဲ့ ကိုးကွယ်ခဲ့ပါတယ်။ ကျွန်တော့်ကို အကြောင်းပြုပြီး ဗိုလ်ချုပ်အစရှိတဲ့ ကျွန်တော်တို့ရဲ့ရဲဘော်တစ်စုဟာလည်း ဦးဘချိုကို ဆရာသမားအဖြစ်နဲ့ပဲ မှတ်ထားကြပြီး ဆရာလိုပဲ ရိုရိုသေသေ၊ ခင်ခင်မင်မင်ခေါ်ကြပါတယ်။

ဆရာချို ကျန်းမာရေးချို့တဲ့ပြီး အတော်ပဲ အင်အားချည့်နဲ့နေပေမယ့်လည်း ကျွန်တော်တို့ တပည့်တွေအပေါ်မှာ သံယောဇဉ်ငြိပြီး ကျွန်တော်တို့ ကြိုးပမ်းမှုတွေတိုင်းမှာ တစ်နည်းမဟုတ်တစ်နည်းနဲ့ ပါလာခဲ့ပါတယ်။ ဆရာချိုကို အားအကိုးရဆုံးကိစ္စကတော့ အခြားမဟုတ်ပါဘူး။ ဗမာ့နိုင်ငံရေးမှာ ကွက်ကျော်တွေ၊ ကလိမ်ချိုတွေကို ရှင်းပြတဲ့နေရာမှာဖြင့် သူမတူအောင် ရှင်းလည်းရှင်းလင်းပါတယ်။ အားကိုးရလောက်အောင် မှန်ပါပေတယ်။ *စာမျက်နှာ ၇ သို့*

**ဗိုလ်ချုပ်အပေါ်မှာ ကျုပ်တို့တစ်တွေ မေတ္တာရှိတယ်ဆိုလျှင် ဗိုလ်ချုပ်အပေါ်မှာ ကျုပ်တို့တစ်တွေ သစ္စာရှိကြတယ်ဆိုလျှင် ဗိုလ်ချုပ်ကိုယ်တိုင် အပြီးမသတ်သွားနိုင်တဲ့ လုပ်ငန်းကြီးကို ကျုပ်တို့တစ်တွေ အင်တိုက်အားတိုက် အပြီးသတ် လုပ်ပေးကြရလိမ့်မယ်။ ကျုပ်တို့တစ်တွေ ဗိုလ်ချုပ်နဲ့တကွ ကျဆုံးသွားတဲ့ ရဲဘော်ကြီးများအပေါ်မှာ သစ္စာရှိကြဖို့ရာ ဒီနည်းလမ်းအပြင် အခြားနည်းလမ်းမရှိတော့ဘူး။**

*စာမျက်နှာ ၆ မှ*

**ဘွင်းဘွင်းသမားမန်းဘခိုင်**

မန်းဘခိုင်ကတော့ ကရင်အမျိုးသားတွေထဲမှာ ဗိုလ်ချုပ်နှင့်တကွ ကျွန်တော်တို့အယုံကြည်ဆုံး၊ အားအကိုးဆုံး၊ ကရင်ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးလို့ ဖဆပလသာ အစိုးရဖွဲ့နိုင်လျှင် မန်းဘခိုင်ကို ဒုတိယနန်းရင်းဝန်ခန့်မယ်ဆိုတာ ဖဆပလ အမှုဆောင်အစည်းအဝေးတိုင်းမှာလိုလိုပဲ ဗိုလ်ချုပ်ဟာ မကြာခဏထုတ်ဖော်ပြီးပြောခဲ့ဖူးတယ်။ ဗိုလ်ချုပ်ဟာ စေတနာမရှိဘဲ ဘယ်သူ့ကိုမှ လောကွတ်လုပ်ပြောတဲ့ လူစားမဟုတ်ဘူးဆိုတာ တစ်နိုင်ငံလုံးအသိပဲ။

အဲ့ဒီတော့ မန်းဘခိုင်ကို ဘယ်လောက်ကြည်ညိုတယ်၊ ဘယ်လောက်စေတနာထားလို့ ဘယ်လောက်အားကိုးလို့၊ ဒီစကားကိုခဏခဏ ထုတ်ဖော်ပြောတယ်ဆိုတာ အပုံကြီးရှင်းပါတယ်။ မန်းဘခိုင်ဟာ ပြောစရာရှိလျှင်လည်း ဘွင်းဘွင်းသမားဆိုတော့ ဘွင်းဘွင်းကြိုက်တဲ့ ဗိုလ်ချုပ်နဲ့သိပ်တည့်တာပေါ့။ ကရင်ဗမာရဲ့နောင်ရေးကိုလည်း အမြင်ကျယ်ကျယ်ထားပြီးတော့ ကောင်းမယ်မှန်မယ်ထင်တာကို ဘယ်သူ့ကိုမှ အားနာခြင်း၊ ကြောက်လန့်ခြင်း၊ ကိုယ်ကျိုးငဲ့ခြင်းမရှိဘဲ တည့်တည့်မတ်မတ် ဆောင်ရွက်လေ့ရှိပါတယ်။

**ရှမ်းလူထုအကြည်ညိုအများဆုံးခံရသူ**

မိုင်းပွန်စော်ဘွားကြီးဆိုတာလည်း ကျွန်တော်တို့ဆိုလျှင် ဂျပန်လက်ထက်ကတည်းက အလွန်ပဲ ခင်မင်ရင်းနှီးခဲ့ပါတယ်။ ရှမ်းဗမာညီညွတ်သွေးစည်းရေးကို အထူးစိတ်ဝင်စားရုံသာမက မဖြစ်မြောက် ဖြစ်မြောက်အောင်လည်း လူပန်းစိတ်ပန်းခံကာ ကြိုးစားခဲ့သူတစ်ဦးဖြစ်ပါတယ်။ စော်ဘွားကြီးရဲ့ စိတ်ထားကောင်းခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်းတို့ကြောင့် ရှမ်းလူထုရဲ့အကြည်ညိုကိုယ်လည်း အများဆုံးခံယူရသူတစ်ဦးဖြစ်ပါသည်။

**သစ္စာအရှိဆုံးပုဂ္ဂိုလ်**

ဆရာကြီး ဦးရာဇတ်ကတော့ မန္တလေးက နိုင်ငံရေး၊ တော်လှန်ရေးတွေမှာ စွမ်းစွမ်းတမံလုပ်ခဲ့တဲ့ လူငယ်လူရွယ်တွေမှန်သမျှ သူ့တပည့်တွေသာများတာပဲ။ ဖဆပလအပေါ်မှာ သစ္စာအရှိဆုံးပုဂ္ဂိုလ်တွေထဲမှာ ဆရာကြီးဦးရာဇတ်လည်း တစ်ဦးအပါအဝင်ပဲ။

**ရိုးသားဖြောင့်မတ်တဲ့ ဦးဘဝင်း**

ဦးဘဝင်းကတော့ ကျွန်တော်နဲ့ ကောလိပ်ကျောင်းမှာ နေစဉ်ကတည်းက ကျောင်းနေဖက်ဖြစ်တယ်။ နိုင်ငံရေးမှာ လုပ်သက်တယ်ပြီး မကြာလှသေးပေတဲ့။ သူ့ရဲ့အရည်အချင်း၊ သူ့ရဲ့ရိုးသားဖြောင့်မတ်တဲ့ ဂုဏ်တွေကြောင့် သူလုပ်သွားခဲ့တဲ့ ဝန်ကြီးနေရာမှာခန့်ထားဖို့ ဗိုလ်ချုပ်နဲ့ကျွန်တော် မေမြို့မှာ တွေ့တုန်းက ကျွန်တော်ကပဲ အကြံပေးခဲ့တယ်။

**ပန်းတိုင်ရောက်ချင်ရင် စိတ်ကိုချုပ်တည်းကြ**

အဲဒီအရည်အချင်းတွေနဲ့ပြည့်စုံတဲ့ ကျုပ်တို့ရဲ့ ဗိုလ်ချုပ်နဲ့ ကျုပ်တို့ရဲ့ ရဲဘော်ကြီးတွေ ယခုတော့ဖြင့် ကြက်ငှက်ကလေးများလို ရန်သူတွေရဲ့ လက်ချက်နဲ့ ကျဆုံးသွားကြရရှာပြီ။ ကျွန်တော်တို့တစ်တွေ စိတ်တွေကိုသာချုပ်တည်းထားရတယ်။ အသည်းတွေကတော့ ဆတ်ဆတ်ကိုတုန်နေတာပါပဲ။ စိတ် ကို အတင်းချုပ်တည်းထားရတာကတော့ တခြားကြောင့်မဟုတ်ပါဘူး။ ပန်းတိုင်နားကို ရောက်လုနီးနေအောင် ဗိုလ်ချုပ်နဲ့ကျုပ်တို့ရဲ့ ရဲဘော်ကြီးများချသွားတဲ့ လမ်းစဉ်ကြီးအတိုင်း ဗမာနိုင်ငံကြီးကို ပန်းတိုင်ကြီးသို့ရောက်အောင် ပို့ပေးစေချင်တယ်ဆိုလျှင် ကျုပ်တို့တစ်တွေ စိတ်ကိုချုပ်တည်းကြရမှာပဲ။ အဲဒီ ပန်းတိုင်ကြီးကို မျက်ခြည်မပြတ်ဘဲ ချီတက်ချင်ကြတယ်ဆိုလျှင် ကျုပ်တို့တစ်တွေ စိတ်ကိုချုပ်တည်းကြရမှာပဲ။ အဲဒီပန်းတိုင်ကြီးကို အာရုံထဲစွဲပြီး ချီတက်ချင်ကြတယ်ဆိုရင် ကျုပ်တို့တစ်တွေ စိတ်ကိုချုပ်တည်းကြရမှာပဲ။

**ဗိုလ်ချုပ်အပေါ်မှာ မေတ္တာရှိရင်**
**ဗိုလ်ချုပ်အပေါ်မှာသစ္စာရှိတယ်ဆိုရင်**

ဗိုလ်ချုပ်အပေါ်မှာ ကျုပ်တို့တစ်တွေ မေတ္တာရှိတယ်ဆိုလျှင် ဗိုလ်ချုပ်အပေါ်မှာ ကျုပ်တို့တစ်တွေ သစ္စာရှိကြတယ်ဆိုလျှင် ဗိုလ်ချုပ်ကိုယ်တိုင် အပြီးမသတ်သွားနိုင်တဲ့ လုပ်ငန်းကြီးကို ကျုပ်တို့တစ်တွေ အင်တိုက်အားတိုက် အပြီးသတ်လုပ်ပေးကြရလိမ့်မယ်။ ကျုပ်တို့တစ်တွေ ဗိုလ်ချုပ်နဲ့တကွ ကျဆုံးသွားတဲ့ ရဲဘော်ကြီးများအပေါ်မှာ သစ္စာရှိကြဖို့ရာ ဒီနည်းလမ်းအပြင် အခြားနည်းလမ်း မရှိတော့ဘူး။

ကျွန်တော်နဲ့တကွ ယခုအသစ်ဖွဲ့စည်းလိုက်တဲ့ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ဝင်များဟာ သစ္စာရှိသော ရဲဘော်များပီပီ ကျုပ်တို့ရဲ့ ဗိုလ်ချုပ်နဲ့ ကျုပ်တို့ရဲ့ ရဲဘော်ကြီးများ လက်စမသတ်သွားနိုင်ကြတဲ့ လုပ်ငန်းကြီးကို လက်စသတ်အောင် ဆုံးခန်းတိုင်ရောက်အောင် အစွမ်းကုန် အင်တိုက်အားတိုက် ကြိုးပမ်းကြရန် သစ္စာအဓိဋ္ဌာန်ပြုပြီးကြကုန်ပြီ။ တိုင်းပြည်နှင့် လူထုကသာ ဗိုလ်ချုပ်နဲ့တကွ ကျဆုံးသော ရဲဘော်ကြီးများ အသက်ရှိစဉ်ကကဲ့သို့ ဥမကွဲသိုက်မပျက်အောင် ကြိုးစားကြပါကုန်။ လွတ်လပ်ရေးတစ်ခုကိုသာ အားသွန်၍ မဲလျက်ရှိသော ကျွန်ုပ်တို့အား အာရုံထွေပြားခြင်းမရှိရလေအောင် လူမျိုးရေးအဓိကရုဏ်းများ၊ စည်းမဲ့ကမ်းမဲ့ ဆူပူသောင်းကျန်းမှုများကို အထူးဂရုပြု၍ တားမြစ်ကြပါကုန်။

**နွားကွဲကျားကိုက် အဖြစ်မျိုးမရောက်စေဘဲ**
**လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်ကြစို့**

ကျွန်ုပ်တို့၏ သွေးချင်းသားချင်းဖြစ်ကြကုန်သော ရှမ်း၊ ချင်း၊ ကချင်၊ ကရင် အစရှိသည်တို့ကိုလည်း ကျွန်ုပ်တို့သည် ဗိုလ်ချုပ်၏ သစ္စာရှိသောရဲဘော်များပီသစွာ ရှမ်း၊ ချင်း၊ ကချင်၊ ကရင် အစရှိသည်တို့နှင့် ပတ်သက်၍ ဗိုလ်ချုပ်ကိုယ်တိုင်ထင်ရှားစွာပြခဲ့ဖူးသော စေတနာတို့ကို အနည်းငယ်မျှ တိမ်းပါးချွတ်ချော်ခြင်းမရှိဘဲ အကောင်အထည်ဖြစ်အောင် အားသွန်၍ ပြုလုပ်မည့်အကြောင်း ကျွန်ုပ်တို့ ထပ်မံကတိပြုပါတယ်။

အဆွေတော် သွေးချင်းသားချင်းတို့ကလည်း ဗိုလ်ချုပ်ရှိစဉ်အခါကကဲ့သို့ပင် လွတ်လပ်ရေးလုပ်ငန်းကြီးကို စည်းစည်းလုံးလုံးနှင့် ဝိုင်းဝန်းဆောင်ရွက်ကြပါကုန်။ နွားကွဲလျှင်ကျားကိုက်ဟူသောစကားပုံကဲ့သို့ ကျွန်ုပ်တို့တစ်တွေကွဲလျှင် ကြေကုန်ကြလိမ့်မည်ဖြစ်ရာ အကြေခံရသည့်ဘဝမရောက်ဘဲ ကျွန်တော်တို့အားလုံး ချစ်မြတ်နိုးကြကုန်သော လွတ်လပ်ရေးပန်းတိုင်ကြီးသို့ အလျင်အမြန် ရောက်ကြရလေအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆက်လက်ချီတက်ကြပါစို့။

**ဗိုလ်ချုပ်မျိုးဆက်ဖော်ဆောင်သောနိုင်ငံတော်**

ဤသည်တို့ကား လွန်ခဲ့သော နှစ်ပေါင်း(၇၀)က ဖြစ်တည်ခဲ့ကြရသည့် နိုင်ငံတော်၏အခြေအနေများဖြစ်ရာ ယနေ့ ယခုအခါတွင်ကား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏မျိုးဆက် ဗိုလ်ချုပ်၏သမီး ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ဦးဆောင်လျက် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းရင်း ပြည်သူတို့ တောင့်တအပ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံသော ထာဝရငြိမ်းချမ်းသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဖော်ဆောင်နေပြီဖြစ်ရာ မကြာမတင်သော ကာလတွင် မြန်မာတစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်စွာ အကောင်အထည်ဖော်သည့် **“ခေတ်မီဖွံ့ဖြိုးတိုးတက်၍ ထာဝရငြိမ်းချမ်းသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကြီး အောင်မြင်စွာပေါ်ပေါက်လာခြိမ့်မည်”** ဟု ယနေ့ပြည်ထောင်စုသားတိုင်းက ယုံကြည်လက်ခံထားကြသည်ကို ယခုကျရောက်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ထူးကဲလေးနက်စွာတင်ပြလိုက်ရပါသည် ။ ။

## အာဇာနည်နေ့အထိမ်းအမှတ် သွေးလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၅**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် နှစ် (၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် နည်းပညာတက္ကသိုလ်(သန်လျင်)၏ (၁၃)ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ဇူလိုင် ၁၄ ရက်က ယင်းတက္ကသိုလ်ရှိ စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

နည်းပညာတက္ကသိုလ်(သန်လျင်)၏ စုပေါင်းသွေးလှူဒါန်းပွဲသို့ ပါမောက္ခချုပ် ဒေါက်တာသိဂီနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများက ကြည့်ရှုအားပေးခဲ့ပြီး ဗဟိုအမျိုးသားသွေးလှူဘဏ်သို့ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၃၃၈ ဦးတို့က လှူဒါန်းခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



## သတိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ လာရောက်ကြည့်ရှုသူ ပြည်သူများသွားလာမှုအဆင်ပြေစေရေး အတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သတိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းယားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် (သွေးဆေးကန်) လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှု၊ အာဇာနည်ဗိမာန်သို့ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်မှုနှင့် လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာယူဆောင်ခွင့်မပြုကြောင်း သတ်မှတ်ကြေညာခြင်း

၁။ နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ၀၈၀၀ အချိန်၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင်လ ၁၈ ရက်နေ့ ၁၈၀၀ အချိန်မှ ဇူလိုင်လ ၁၉ ရက်နေ့ ၁၈၀၀ အချိန်ထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ်စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြားများ။

၂။ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန် ဝင်ပေါက်ဂိတ် (၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂၀၀ အချိန်မှ ၁၇၀၀ အချိန်ထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး) များသို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစ အမျိုးမျိုး၊ ပုလင်း၊ ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်၊ သံပိုက်၊ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှု မရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) များသို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာကြပါရန် မေတ္တာရပ်ခံပါသည်။

### အသိပေးကြေညာချက်

**အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်ပြတိုက်နှင့် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) များသို့ လာရောက်ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကိုယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၅**- နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ (မိုး/ဇလ)

# ရေကြီးရေလျှံမှုများကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးဆွေးနွေး

မန္တလေး ဇူလိုင် ၁၅

**အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း ယမန်နှစ် ရေကြီးနစ်မြုပ်မှုအတွေ့အကြုံများ၊ ယခုနှစ်ကြိုတင်ဆောင်ရွက်နေမှုများ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး၊ တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းသည်။** (အောက်ပုံ)



ယင်းနောက် မိုးရာသီတွင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရန်နှင့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အရေးပေါ် လိုအပ်လျက်ရှိသော ဖိုက်ဘာစက်တပ်လှေ ငါးစင်းဝယ်ယူရန် ငွေကျပ်သိန်း ၁၁၀ ကို ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဟာအောင်မြေမြို့နယ်ရှိ ဂေါဝိန်ဆိပ်ကမ်းသို့ သွားရောက်ပြီး ယခုမိုးရာသီကာလ ရေဝင်ရောက်မှု အခြေအနေကို လည်းကောင်း၊ တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာအုပ်စု ညောင်ဇင်ကျေးရွာသို့ သွားရောက်ပြီး ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုမှကာကွယ်ရန် ဆောင်ရွက်ထားရှိမှုနှင့် သဲအိတ်များ အသင့်ပြင်ဆင်ထားရှိမှုကို လည်းကောင်း ကြည့်ရှုပြီး ရေရှည်အစီအမံများ ဆောင်ရွက်ရန် ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် တံတားဦးမြို့နယ် မီးသွေးတိုက်ကျေးရွာအုပ်စု ဆင်ကျုံးကျေးရွာသို့သွားရောက်၍ ကျိုးနေသော မြို့ရိုးဟောင်းနေရာမှ ရေဝင်ရောက်မှုကို ကြည့်ရှုပြီး နှစ်စဉ်မိုးရာသီတွင် ရေဝင်ရောက်ရာနေရာဖြစ်သဖြင့် ရေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေး စီမံဆောင်ရွက်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါနေရာအား ပြုပြင်ခြင်းဖြင့် နှစ်စဉ်မိုးရာသီတွင် ကျေးရွာနှစ်ရွာအား ရေဝင်ရောက်မှုမှ ကာကွယ်နိုင်မည် ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)သို့ သွားရောက်ပြီး မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးအတွက် ယခုဖွင့်လှစ်ထားရှိသည့် ပြန်လည်ထူထောင်ရေးစခန်းကိုစံပြအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်နေသည့်လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ယူ ဆောင်ရွက်နေသူများနှင့် အသေးစိတ် ဆွေးနွေးခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးရုံးတွင် ဖြဟ္မစိုရ် လူမှုကူညီရေးအသင်း၊ ချမ်းမြသစ္စာ၊ ချမ်းသုခ၊ ၃၆ ပရဟိတနှင့် စိန်ပန်းရပ် လူမှုကယ်ဆယ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်ရင်ဆိုင်တုံ့ပြန်ရန် အဆင်သင့်ဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေး စည်းဝေး

**မြစ် ဇူလိုင် ၁၅**

မြစ်ခရိုင်၏ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့မြန်ဆန်ရေး၊ ကဏ္ဍအလိုက် ပြည်ပပို့ကုန် ပိုမိုထုတ်လုပ်ပြီး တိုးတက်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်း အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို မြစ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြစ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက အမှာစကားပြောကြားပြီး နယ်စပ်ကုန်သွယ်ရေးစခန်း(မြစ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းက နယ်စပ်ကုန်သွယ်ရေးစခန်း(မြစ်)၌ ဘဏ္ဍာရေးနှစ်များအလိုက် ကာလတူနှိုင်းယှဉ်ရာတွင် ယခုနှစ်တွင် ကုန်သွယ်မှုပမာဏ သိသိသာသာ ကျဆင်းလျက်ရှိကြောင်း၊ ကုန်သွယ်လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုအခက်အခဲများကို ဆွေးနွေးကြရန်နှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်း လျာထားချက်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းက မြစ်ခရိုင်အတွင်းမှ ကုန်သည်များ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် အသင်းနှင့် ညီနောင်အသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များမှ အသေးစိတ်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

နယ်စပ်ကုန်သွယ်ရေးစခန်း(မြစ်)အနေဖြင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏ ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၁၈၃ သန်းနှင့် သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၄၂ သန်း လျာထားခဲ့ရာ ကုန်သွယ်မှုပမာဏ တစ်နှစ်လုံးလျာထားချက်အပေါ်တွင် ဧပြီလမှ ဇွန်လအထိ သုံးလအတွင်း အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၃၉၆ သန်းနှင့် သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၁၄ ဒသမ ၃၆၆ ရှိ၍ ရာခိုင်နှုန်းအနေဖြင့် ၁၈ ဒသမ ၅၇ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်း(မြစ်)မှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ဖလမ်းမြို့ မြေကျွံကျသည့်နေရာမှ အိမ်လေးလုံး ဖျက်ရ

**ဖလမ်း ဇူလိုင် ၁၅**

ဖလမ်းမြို့ တလန်လိုရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးတွင် ဇူလိုင် ၁၃ ရက် ညနေပိုင်းမှစ၍ မြေသားကျွံကျမှုဖြစ်ခဲ့ပြီး ဇူလိုင် ၁၅ ရက် နံနက်တွင် မြေကျွံကျမှုမှာ ငါးပေခန့်ရှိလာသည့်အတွက် အဆိုပါလမ်းထဲရှိ အိမ်လေးလုံးကို ဖျက်လိုက်ရကြောင်း သိရသည်။

ဗိုလ်ချုပ်လမ်းအတွင်းရှိ ဒေါ်အီယန်းကျင်၊ ဒေါ်တလွန်းသင်ဒိမ့်၊ ဦးနှုတ်နှင့် ဦးထွင်မှုန်းတို့၏ နေအိမ်များကို ဖျက်ရခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၁၃ ရက် ညနေပိုင်းမှစ၍ တဖြည်းဖြည်း မြေသားကျွံကျရာ ငါးပေခန့် ကျွံကျပြီးဖြစ်သည့်အတွက် နေအိမ်များကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်း၍ အိမ်များကို ကူဖျက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါအိမ်များတွင် နေထိုင်ကြသော မိသားစုဝင်များမှာ ဇူလိုင် ၁၄ ရက် မြေစကျွံချိန်ကပင် အိမ်များ ကျွံကျနိုင်သည့်အခြေအနေကြောင့် နီးစပ်ရာဆွေမျိုးများထံ ပြောင်းရွှေ့ထားပြီးဖြစ်သည်။ အိမ်များကျွံကျသောကြောင့် နေစရာအိမ်မရှိသည့်အတွက် နီးစပ်ရာဆွေမျိုးများထံသို့ ပြောင်းရွှေ့ကာ ခက်ခက်ခဲခဲ ယာယီနေထိုင်ကြောင်း၊ ယခုအိမ်ပြောင်းရွှေ့ခြင်းနှင့် အိမ်ဖျက်ခြင်းတို့တွင် ကူညီပေးသူများ အားလုံးကို ကျေးဇူးတင်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ယခု ရွှေ့ပြောင်းလိုက်ရသူများအတွက် မြေကွက်များ ချထားပေးစေလိုကြောင်း အိမ်ဖျက်၍ ရွှေ့ပြောင်းရသူတစ်ဦးက ပြောသည်။

အဆိုပါ မြေကျွံကျသည့်နေရာသို့ ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးနှင့် တာဝန်ရှိသူများကလည်း ချက်ချင်းလာရောက်ကြည့်ရှုကာ လမ်းအတွင်းနေထိုင်ကြသည့်ပြည်သူများအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# သံဃနာယကနှင့်ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၁၅**

ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ဝိမလရတနာသီရိဓမ္မဗိမာန်တော်ကြီး၌ ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲက ပဲခူးမြို့နယ် သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ကကြီးမှူး၍ သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ကိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဥဿာသီရိစာသင်တိုက် ဆရာတော် ဒေါက်တာ သူရိယက ဩဝါဒကထာ မိန့်ကြားပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်) ရတနာသီရိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိသုတက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားခဲ့ပြီး မြို့နယ်အဆင့် သံဃနာယကနှင့် ဝိနည်းဓိုရ်ဆင့်ပွားသင်တန်းကို ဇူလိုင် ၁၂ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ ပဲခူးမြို့နယ်အတွင်းမှ တိုင်းဒေသကြီး ဝိနည်းဓိုရ်ဆရာတော်များနှင့် မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်များ၊ တရားရေး၊ ဥပဒေ၊ မြေစာရင်းဌာနမှ လူပုဂ္ဂိုလ်များ စုစုပေါင်း ၁၀၆ ဦး တက်ရောက်ပြီး ဝိနည်း၊ ဓမ္မကံ၊ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း၊ သံဃနာယကလက်စွဲနှင့် ညွှန်ကြားလွှာစသည်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

# မုံရွာမြို့ ကလေးစာပေပွဲတော်အတွက် ကော်မတီများဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်

**မုံရွာ ဇူလိုင် ၁၅**

ကလေးစာပေပွဲတော်ကို မုံရွာတက္ကသိုလ်တွင် ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကလေးစာပေပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းမြိုင်ထံမှ သိရသည်။

“မုံရွာ ကလေးစာပေပွဲတော်မှာ ကျောင်းသား ကျောင်းသူတွေအတွက် အားကစားတွေပါမှာဖြစ်သလို ဂိမ်းတွေလည်း ပါပါမယ်။ ဖျော်ဖြေရေးတွေပါမယ်။ ဖျော်ဖြေရေးက အထက်တန်းမပါဘူး။ သတ်မှတ်ထားတာက မူလတန်းအောက်ဆင့် အထက်ဆင့်ပေါ့။ နေ့ကလေးထိန်းတွေပါမယ်။ အားကစားပြိုင်ပွဲမှာ သုံးယောက်ခြေညီလျှောက်တဲ့ ခြေထောက်သုံးချောင်းကစားနည်း၊ ခွက်ချင်းချကစားနည်း၊ စက္ကူအရုပ်ခေါက်ကစားနည်း၊ ကျပန်းစကားပြော၊ ကဗျာရွတ်နဲ့ ပုံပြင်ပြောပြိုင်ပွဲတွေ ပါမယ်။ ဒါ့အပြင် စာပေဟောပြောပွဲနဲ့ စာပေစကားဝိုင်းဆွေးနွေးပွဲတွေ ပါပါမယ်”ဟု ကြိုတင်စီစဉ်ထားမှုများကို ဦးဝင်းမြိုင်က ရှင်းပြသည်။

မုံရွာကလေးစာပေပွဲတော်ကို သုံးရက်ကြာကျင်းပမည်ဖြစ်ရာ စစ်ကိုင်းမြို့မှ စာရေးဆရာကြီးများက စာပေဟောပြောပွဲနှင့် စာပေစကားဝိုင်းဆွေးနွေးပွဲကို တစ်ရက်တာအချိန်ယူ၍ ကျင်းပမည်ဖြစ်ပြီး မုံရွာမြို့နှင့် ရွှေဘိုမြို့တို့မှ စာရေးဆရာ၊ ကဗျာဆရာများလည်း ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဟောပြော ဆွေးနွေးကြမည့် စာရေးဆရာကြီးများမှာ မုံရွာမြို့မှ ဦးအောင်ဗိုလ်ဝင်း(ဗိုလ်-မြန်မာစာ)၊ ဒေါ်မြမြဆွေ(စိတ်ပညာ)၊ ဦးဖေသန်း(နေမင်းသန်း)၊ ဦးတင်အောင် (ခြိမ့်သဲ)၊ ဦးသိုက်စိုးထွန်း(နတ်ရွာ)၊ ထူး(တော်ဝင်)တို့အပြင် စစ်ကိုင်းမြို့မှ ဦးရဲလွင် (ရဲသျှမ်း)၊ ဦးနောင်ဇော်ဟိန်း(နောင်ဇော်ဟိန်း-ဂစ်တာ)နှင့် ရွှေဘိုမြို့မှ ဒေါက်တာတင်ဝင်းနှင့်ဆရာဘာမထိခင်အောင်တို့က ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

“ကလေးစာပေပွဲတော်ကိုနေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး မြို့တွေမှာ အောင်အောင်မြင်မြင် ကျင်းပခဲ့ပြီးဖြစ်လို့ အခု (၅)ကြိမ် မြောက်အဖြစ် မုံရွာမြို့ မုံရွာတက္ကသိုလ်မှာ ကျင်းပမှာဖြစ်ပါတယ်။ ပညာရေးဌာနနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ လူမှုရေးဝန်ကြီးအပါအဝင် ကျွန်တော်တို့ဌာန တာဝန်ရှိသူတွေ ၂၀ ရက်မှာ အစည်းအဝေးတစ်ကြိမ်လုပ်ဖို့ရှိပါတယ်။ အဲဒီမှာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ လူမှုရေးဝန်ကြီးတို့က ပွဲတော်မှာ ထည့်ချင်တဲ့ အကြောင်းအရာရှိရင် ပြန်ကြားရေးဝန်ကြီးဌာန ရုံးချုပ်ကို ကျွန်တော်တို့ကတင်ပြပြီး ပေါင်းစပ်စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဦးဝင်းမြိုင်က ဆက်လက်ပြောကြားသည်။

နိုင်ငံ၏အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည် ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များ၊ မြင့်မားလာစေရန်နှင့် ကလေးများ စာပေနှင့်ရင်းနှီးပြီး ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့်ဖန်တီးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်များကို ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယအကြိမ် သင်းလုံးကျွတ်အထူးအစည်းအဝေးနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယအကြိမ် သင်းလုံးကျွတ် အထူးအစည်းအဝေးနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယအကြိမ် သင်းလုံးကျွတ် အထူးအစည်းအဝေး သဘာပတိ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဦး (ဟိန်းလတ်) က မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြင်ဆင်သည့် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတို့နှင့်ပတ်သက်၍ သဘာပတိက အစည်းအဝေး အတည်ပြုချက်ရယူကာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း သင်းလုံးကျွတ် အထူးအစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယအကြိမ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်း **(ယာပုံ)**နှင့် ဒုတိယအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး သဘာပတိ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အတွင်းရေးမှူး (ယာယီ) ဦးဝင်းအောင်က ဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့် နှစ်ပတ်လည် အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး(ယာယီ) ဦးတင်ကိုကိုက နှစ်ပတ်လည် ဘဏ္ဍာရေးအစီရင်ခံစာကိုလည်း



ကောင်း၊ ပြင်ပစာရင်းစစ် ဒေါ်ဇာနီညိုက စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော အသင်းသားကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာများ၊ စာရင်းစစ်အစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်ခန့်ထားခြင်းတို့ကို အစည်းအဝေးအတည်ပြုချက်ရယူကြပြီး နုတ်ထွက်သည့် ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်များကို ကြေညာသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ရွေးချယ်တင်မြှောက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးရဲတင့်က ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရွေးချယ်တင်မြှောက်ခံရသော အလုပ်အမှုဆောင်အဖွဲ့အမည်စာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် အစည်းအဝေးမှ ရွေးချယ်ခဲ့သည့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသည်။

ဒုတိယအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌအဖြစ် ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့်ဆွေနှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး)တို့အပါအဝင် ဗဟိုအလုပ်အမှုဆောင် ၁၈ ဦး ရွေးချယ်တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းကို စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ပံ့ပိုးဆောင်ရွက်ခြင်းနှင့် ပြည်သူများ စာပေဗဟုသုတတိုးပွားအောင် စည်းရုံးဆောင်ရွက်ခြင်း စသည့် ရည်ရွယ်ချက်များနှင့် ၂၀၁၀ ပြည့်နှစ် မေ ၁၅ ရက်က စာပေပညာရှင်များ၊ လုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များဖြင့် စတင်ဖွဲ့စည်းခဲ့ကာ ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရပ်ကွက်/ကျေးရွာများတွင် စံ(၅)ရပ်ညီ စာကြည့်တိုက်ပေါင်း ၆၄၇၈ တိုက်ရှိကြောင်း သိရသည်။ **သတင်း - ရီရီမြင့်၊ ဉမ္မာသန့်**

**ဓာတ်ပုံ - လှမိုး**

# ရွှေခါးပတ်ချန်ပီယံလုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်၊ သွေးသစ်အောင်က ရန်နိုင်အောင်ကိုအနိုင်ရပြီး ဆီမီးတက်

ရန်ကုန် ဇူလိုင် ၁၅

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group နှင့် Lethwei Nation Group တို့က တာဝန်ယူကျင်းပသော ရွှေခါးပတ် ချန်ပီယံလုပွဲ ၂၀၁၇ ပထမနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ၇၁ ကီလိုတန်းတွင် သွေးသစ်အောင်(သုံးပန်လှ) က ရန်နိုင်အောင်(ရွှေမိုးထိ)ကို တတိယအချီတွင် အနိုင်ရပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားပြီဖြစ်သည်။**

ကွာတားဖိုင်နယ် ၇၁ ကီလိုတန်းတွင် ယနေ့နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဝါရင့်လက်ဝှေ့သမားများဖြစ်သော ရန်နိုင်အောင် (ရွှေမိုးထိ)နှင့် သွေးသစ်အောင် (သုံးပန်လှ)တို့ပွဲတွင် ပွဲစသည်နှင့်အပြိုင်သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသဖြင့် ပရိသတ် အကြိုက်တွေ့ခဲ့သည်။ ခြေကန်ချက်၊ ပင့်ထောက်လက်သီးတွဲလုံးများကို စက်လက်သီးပမာ အသုံးပြုသွားသော သွေးသစ်အောင်သည် ဒုတိယအချီ၌ ရန်နိုင်အောင် ချုပ်ဒူးအတိုက်ကို ကာကွယ်ပြီး တန်ပြန်ခေါင်းတိုက်ခဲ့သဖြင့် ရန်နိုင်အောင် ဘယ်မျက်ခုံးကွဲခဲ့သည်။ မျက်ခုံးကွဲသွားသော ရန်နိုင်အောင်သည် အသည်းမာဇွဲပါလှပြီး ကျားနာခဲကာ တရစပ်တိုက်စစ်ဖွင့်ကစားရင်း တတိယအချီ ၁ မိနစ် ၅၃ စက္ကန့်တွင် ဘယ်မျက်ခုံး ဒဏ်ရာအနာတရဖြစ်ခဲ့မှုကြောင့် ဆေးဆရာဝန်က ဆက်လက်ယှဉ်ပြိုင်ခွင့်ကို တားမြစ်ခဲ့သဖြင့် သွေးသစ်အောင် အနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားခဲ့သည်။ ၇၁ ကီလိုတန်း တခြားပွဲစဉ်ဖြစ်သည့် အောင်ပိုင်လေး (ရွှေသောင်ရင်း) နှင့် စောဆဝါး (ဒို့ရိုးရာ) တို့ပွဲတွင် ဒုတိယအချီ ၁ မိနစ် ၁၉ စက္ကန့်၌ စောဆဝါးက အလဲထိုးဖြင့် အနိုင်ရ၍ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် သွေးသစ်အောင် (သုံးပန်လှ)နှင့် စောဆဝါး (ဒို့ရိုးရာ)တို့ ယှဉ်ပြိုင်ထိုး သတ်ကြရမည်ဖြစ်သည်။

၆၃ ဒသမ ၅ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်များတွင် စောထူးအောင် (တော်ဝင်ရိုးရာ)နှင့် နေရူဘီ (STL)တို့ပွဲ၌ စောထူးအောင်က အမှတ်ဖြင့်နိုင်ခဲ့ပြီး ဆီမီးတွင် ဘိုင်ရထားသော ကျားပေါက် (ရန်စစ်ငြိမ်း)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ထက်အောင်ဦး (တောင်ကလေး)နှင့် ဗထူးမောင် (ရတနာပုံ) တို့ပွဲတွင်လည်း ဗထူးမောင်က အမှတ်ဖြင့်နိုင်ခဲ့ပြီး ရန်နိုင်ထွန်း (သုံးပန်လှ)နှင့် ရွှေချစ်အောင် (တိုက်ဂါး) တို့ပွဲ၌ ဒုတိယအချီ ၅၇ စက္ကန့်တွင် ရွှေချစ်အောင် ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် ရန်နိုင်ထွန်း အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်တွင် ဗထူးမောင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် ကွာတားဖိုင်နယ်ပွဲစဉ် ၅၇ ကီလိုတန်း၌ နက္ခအောင် (တောင်ကလေး)နှင့် စူပါ (မျိုးဆက်သစ်)တို့ပွဲ၌ ဒုတိယအချီ ၃၇ စက္ကန့်တွင် နက္ခအောင်အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး စူပါ ဆီမီးတက်လှမ်းသွားပြီး ဘိုင်ရထားသော ထရိန်း(တိုက်ဂါး)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။ တစ်ဖန် ဒိုးလေး(ရိုးရာပုဂံ)နှင့် ရာဇာ (ရွှေမိုးထိ)တို့ပွဲ၌ ဒိုးလေးက တတိယအချီ ၅၃ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး စစ်မျိုး(ရန်စစ်ငြိမ်း)နှင့် ယျှူးခလိန်းမင်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ) တို့ပွဲ၌ တတိယအချီ ၂ မိနစ် ၂၂ စက္ကန့်တွင် စစ်မျိုး ဒဏ်ရာအနာတရ ဆေးရှုံးဖြင့် ယျှူးခလိန်းမင်းကို ရှုံးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်တွင် ဒိုးလေး (ရိုးရာပုဂံ) နှင့် ယျှူးခလိန်းမင်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။

၅၁ ကီလိုတန်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ၌ အံ့ဘွား(ကျားဖြူ)က လင်းထက်အောင် (တောင်ကလေး) ကိုအမှတ်ဖြင့်အနိုင်ရခဲ့ပြီး သိန်းစိုး (အဖြူရောင်သွေးသစ်)နှင့် ရှိုင်းထက်အောင် (ဒေါင်းမြန်မာ)တို့ ပွဲစဉ်တွင်လည်း သိန်းစိုးက အမှတ်ဖြင့် အနိုင်ရခဲ့သဖြင့် ဆီမီးပွဲစဉ်တွင် အံ့ဘွား(ကျားဖြူ) နှင့် သိန်းစိုး (အဖြူရောင် သွေးသစ်) တို့ ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။ ထွန်းမင်းနိုင် (ထွန်းထွန်းမင်း)နှင့် သပြေအောင် (သုံးပန်လှ) တို့ပွဲတွင် ဒုတိယအချီ ၂ မိနစ် ၅၁ စက္ကန့်၌ သပြေအောင်က အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ပြည့်စုံအောင် (တိုက်ဂါး)နှင့် ဇလပ်သွေး (တောင်ဇလပ်)တို့ပွဲတွင် ပြည့်စုံအောင် လာရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့၍ ဇလပ်သွေး ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားကာ သပြေအောင်(သုံးပန်လှ)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**




**စောထူးအောင်(တော်ဝင်ရိုးရာ)နှင့် နေရူဘီ (STL) တို့ယှဉ်ပြိုင်ထိုးသတ်စဉ်**

## အာဆီယံ ယူ-၁၅ ဘောလုံးပြိုင်ပွဲ မြန်မာက သြစတြေးလျကိုရှုံး

**ချောင်ဘူရီ ဇူလိုင် ၁၅**

အာဆီယံယူ-၁၅ ဘောလုံးပြိုင်ပွဲ အုပ်စု (က) စတုတ္ထနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်း က ထိုင်းနိုင်ငံချောင်ဘူရီမြို့၌ ဆက် လက်ကျင်းပရာ မြန်မာ ယူ-၁၅ အသင်းသည် သြစတြေးလျ ယူ-၁၅ အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၅ အသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး အရေးပါသည့် ပွဲဖြစ်သောကြောင့် ကြိုးစားကစားခဲ့သော်လည်း ခြေစွမ်းပိုင်းကွာဟမှုကြောင့် ဂိုးပြတ်သွားခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းနှင့် သြစတြေးလျအသင်းတို့ကြား ဘောလုံးအဆင့်အတန်းချင်း ကွာခြားမှုကြောင့် မြန်မာကစားသမားများမှာ ကြိုးစားကစားခဲ့သော်လည်း ပထမပိုင်း တွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးပေး ခဲ့ရသည်။ မြန်မာ ယူ-၁၅ အသင်းသည် လေးပွဲကစားအပြီးတွင် ခုနစ်မှတ်ရထားပြီး သြစတြေးလျ အသင်းမှာမူ လေးပွဲကစား ကိုးမှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၇ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ပြီး ယခုပွဲရှုံးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင် နယ်တက်ရောက်ရန် အခွင့်အရေး နည်းပါးသွားခဲ့သည်။ **ဖိုးသော်ဇင်**

# ဧရာဝတီ၊ ချင်းတွင်းနှင့် ဝေနိမြစ်များ၏ စိုးရိမ်ရေမှတ် တည်ရှိနေမှုအခြေအနေ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုရန် အကြံပြု

**နေပြည်တော် ဇူလိုင် ၁၅**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့နှင့် ဟင်္သာတမြို့တို့တွင် ပေဝက်ခန့်စီ၊ ညောင်ဦးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ပေဝက်ခန့်စီ၊ နောက်သုံးရက်အတွင်း ဟင်္သာတမြို့တွင် တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ညောင်ဦးမြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်း နိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်ပေခွဲခန့်၊ ကနီမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေ မှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့နှင့် နောက်သုံးရက်အတွင်း ကနီမြို့တို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ခြောက်ပေခွဲခန့်၊ ကလေးဝမြို့တွင် ငါးပေခန့်နှင့် မင်းကင်း မြို့တွင် ငါးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် လေးပေခန့်စီ၊ မင်းကင်းမြို့တွင် သုံးပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီး အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း မုံရွာမြို့တွင် ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ဝေနိမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဝေနိမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဝေနိမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဟိုနိုလူလူ၌ ၃၆ထပ်တိုက် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မိခင်နှင့်သားအပါအဝင် သုံးဦးသေဆုံး



**ဟိုနိုလူလူ ဇူလိုင် ၁၅**

အမေရိကန်နိုင်ငံ ဟာဝိုင်အီပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သည့် ဟိုနိုလူလူရှိ အထပ်ပေါင်း ၃၆ ထပ်ပါ မာကိုပိုလိုကွန်ဒိုမီနီယမ်၌ ယမန်နေ့ မွန်းလွဲပိုင်းက အထပ်သုံးထပ်ခန့်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မိခင်နှင့် သားတစ်ဦးအပါအဝင် လူသုံးဦးသေဆုံးခဲ့ကြောင်း သတင်းမီဒီယာများက ဖော်ပြခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသော မီးခိုးလုံးများသည် တစ်မြို့လုံးလွှမ်းခြုံသွားခဲ့ကြောင်း၊ မီးသတ်သမားများက အခြားအဆောက်အအုံများ၏ လသာဆောင်မှနေ၍ လောင်ကျွမ်းနေသောမီးများကို ကြိုးစားငြိမ်းသတ်ခဲ့ရာ ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် မီးညွန့်ကျိုးသွားခဲ့ပြီး မီးလောင်ကျွမ်းမှုသည် လေးနာရီခန့်ကြာခဲ့ကြောင်း ဟိုနိုလူလူ မြို့တော်ဝန် ကခ်ကာ့ဒ်ဝဲလ်က သတင်းထောက်များကို ပြောခဲ့သည်။

မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားရာတွင် ၂၆ ထပ်၌ရှိနေသည့် မိခင်နှင့်သား အပါအဝင်စုစုပေါင်း လူသုံးဦးမှာ သေဆုံးခဲ့သည့်အပြင် မီးလောင်မှုကြောင့် ၁၂ ဦးထက်မနည်းဒဏ်ရာရရှိခဲ့ကြောင်း ဟိုနိုလူလူ နာမည်ကြီး သတင်းစာတစ်စောင်က ဖော်ပြထားသည်။

အဆိုပါမီးသည် အခြားအပေါ်ထပ်နှစ်ထပ်သို့ လျင်မြန်စွာကူးစက်သွားခဲ့ကြောင်း အဆိုပါသတင်းစာတွင်ဆက်လက်ဖော်ပြထားသော်လည်း မည်သည့်အတွက်ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရသည်ကို ဖော်ပြထားခြင်းမရှိသေးချေ။

မီးလောင်ကျွမ်းမှု ဖြစ်ပွားချိန်တွင် အဆောက်အအုံ၌ ရှိနေသည့် အသက် ၇၂နှစ်ရှိ ကာရန်ဟက်စ်တင်က "ကျွန်တော်တို့ အကောင်းဆုံးကူညီဖို့လုပ်ဆောင်ပါတယ်။ ဒါပေမယ့် မီးလောင်ကျွမ်းမှုဟာ တော်တော့်ကို ပျံ့နှံ့နေပြီ" ဟုပြောခဲ့သည်။

(ရိုက်တာ)

# တူရကီ အရေးပေါ်ကာလ ထပ်မံသက်တမ်းတိုးမည်



**အန်ကာရာ ဇူလိုင် ၁၅**

လွန်ခဲ့သောနှစ်က တူရကီအာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်ပြီးနောက် ထပ်ကာထပ်ကာကြေညာခဲ့သော အရေးပေါ်ကာလသည် လာမည့် ဇူလိုင် ၁၉ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်ရာ နောက်ထပ်အရေးပေါ်ကာလ သုံးလထပ်မံသက်တမ်းတိုးရန် တူရကီအစိုးရက မကြာသေးမီက ပြောကြားခဲ့သည်။

တူရကီနိုင်ငံ လက်ရှိ အရေးပေါ်ကာလသည် မကြာမီကာလတွင် ကုန်ဆုံးတော့မည်ဖြစ်ရာ လာမည့်သီတင်းပတ်တွင် လွှတ်တော်မှ သက်တမ်းတိုးပေးရန် အစိုးရက တောင်းဆိုသွားမည်ဖြစ်ကြောင်း ယီလ်ဒီရင်က ဝန်ကြီးချုပ်ရုံး၌ မီဒီယာများအား ပြောခဲ့သည်။

လာမည့် ဇူလိုင် ၁၇ ရက်တွင် သက်တမ်းတိုးရန်အတွက် အရေးပေါ်အစည်းအဝေးတစ်ခုကို ကျင်းပမည်ဖြစ်ကြောင်း အင်န်တီဗီ ရုပ်သံလိုင်း၌ ဖော်ပြခဲ့သည်။

အရေးပေါ်ကာလသက်တမ်းတိုးရေးဆုံးဖြတ်ချက်ကို ဇူလိုင် ၁၈ ရက်တွင် လွှတ်တော်က ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

အတိုက်အခံပါတီဖြစ်သော ရီပတ်ဘလစ်ကန်ပါတီဒုတိယခေါင်းဆောင် ဘူလန့်ဒ် တက်ဇ်ကန်က လက်ရှိ အစိုးရ ခေါင်းဆောင်များသည် အရေးပေါ်ကာလအောက်တွင် စွဲလမ်းနေပြီဖြစ်ကြောင်း လှောင်ပြောင်ပြောဆိုခဲ့သည်။ (ဆင်ဟွာ)

# စင်ကာပူ၌ ဆောက်လက်စ အဝေးပြေးလမ်းပိုင်းပြိုကျ၍ သေဆုံးဒဏ်ရာရမှုများဖြစ်ပွား

**စင်ကာပူ ဇူလိုင် ၁၅**

စင်ကာပူနိုင်ငံ အရှေ့ပိုင်း ချန်ဂီလေဆိပ်နှင့် မနီးမဝေးရှိ ဆောက်လက်စ အဝေးပြေးလမ်းတစ်ခု ယမန်နေ့က ပြိုကျခဲ့ရာ အလုပ်သမားတစ်ဦးသေဆုံးပြီး အခြားလူ ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဝေးပြေးလမ်းပြိုကျမှုကြောင့် ဒဏ်ရာရရှိသူများကို ချန်ဂီ အထွေထွေဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းတို့အနက် နှစ်ဦးမှာ ဆေးရုံမှ ဆင်းသွားပြီဖြစ်ကာ ကျန်ရှစ်ဦးမှာ ဆေးရုံတက်နေဆဲဖြစ်ကြောင်း စင်ကာပူပြည်သူ့ကာကွယ်ရေးတပ်က ပြောခဲ့သည်။ အဆိုပါလမ်းပိုင်းတည်ဆောက်မှုကို အိုကေပီလုပ်ငန်းက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အိုကေပီလုပ်ငန်းသည် လွန်ခဲ့သော ၂၀၁၅ခုနှစ်က မတော်တဆမှုဖြစ်ပွားခဲ့သေးရာ ယင်းလုပ်ငန်း၏ ဘေးကင်းလုံခြုံရေးနှင့် ညှိနှိုင်းရေးမှူးနှင့် လုပ်ငန်းခွင်ကြီးကြပ်သူ တန်ကော့ခ်ပန်တို့ကို ဒဏ်ငွေရိုက်ခဲ့ကြောင်း သိရသည်။ ထိုစဉ်က အလုပ်သမားတစ်ဦးသေဆုံးပြီး အခြားလူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# တီဟီရန် မြေအောက်ရထားဘူတာရုံ၌ ဓားထိုးမှုဖြစ်ပွား တရားခံအား အသေဖမ်းဆီးခဲ့

**တီဟီရန် ဇူလိုင် ၁၅**

အီရန်နိုင်ငံ မြို့တော်တီဟီရန်ရှိ ရှာရီရေး မြေအောက် ရထားဘူတာရုံ၌ ဇူလိုင် ၁၅ ရက်က တရားဟောဆရာတစ်ဦးကို လူတစ်ဦးက ဓားဖြင့်ထိုးရာ ၎င်းမှာ ဒဏ်ရာရရှိခဲ့၍ ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်သူကို ရဲတပ်ဖွဲ့ဝင်များက အသေပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

တိုက်ခိုက်ခံရသည့် တရားဟောဆရာကို ဝင်ရောက်ကူညီသူတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်သူမှာ ရဲတပ်ဖွဲ့၏ ပစ်ခတ်ဖမ်းဆီးမှုကြောင့် ဒဏ်ရာရရှိခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း တီဟီရန်တောင်ပိုင်း ရှာရီရေးခရိုင်အုပ်ချုပ်ရေးမှူး ဟတ်ဒီ တမ်ဟစ်ဒီက ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို ကျူးလွန်ခဲ့သူမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိသေးသော်လည်း ယခုအခါတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ဘူတာရုံ၌ လုံခြုံရေးနှင့် ရဲလုပ်ငန်းများဆောင်ရွက်လျက်ရှိနေပြီး အခြေအနေမှာ ပြန်လည် ငြိမ်သက်သွားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါအကြမ်းဖက်မှုကို မည်သည့်ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်သည်ကို ယခုအချိန်ထိ မသိရသေးကြောင်း သိရသည်။ (ဆင်ဟွာ)

# တရုတ်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူရှစ်ဦးသေဆုံး

**ပေကျင်း ဇူလိုင် ၁၅**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဂျီလင်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူရှစ်ဦးခန့်သေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်ရက်က ရွာသွန်းခဲ့သောမိုးသည် ဂျီလင်ပြည်နယ်အလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ ဒေသများကို ရေဘေးဒုက္ခပင်လယ်ဝေစေခဲ့ကြောင်း၊ ထို့အပြင် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက လူဦးရေ ၁၂၀၀၀ကျော်ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း ပြည်နယ်ရေဘေးထိန်းချုပ်ရေး အာဏာပိုင်များက ပြောခဲ့သည်။

ယွန်ဂျီစီရင်စုတွင်လည်း တစ်နေ့တည်းရွာသွန်းခဲ့သောမိုးသည် အံ့သြလောက်အောင် စံချိန်တင်ခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒုက္ခဖြစ်ကာ လူငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စီရင်စု ၁၃ခုရှိ လူပေါင်း ၃၂၀၀၀၀ နီးပါးအသက်ဘေးနှင့်ကြုံခဲ့ရကြောင်း၊ အိုးအိမ်များအပြင် တံတားများနှင့် ရေနုတ်မြောင်းများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘေးဒုက္ခရောက်နေသူများအား ကယ်ဆယ်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ (ဆင်ဟွာ)



# ကလေး၀-မဟာမြိုင်-ရေဦးလမ်းပိုင်းတွင် ကုန်တင်ယာဉ်ကြီးများအား သွားလာမှုခေတ္တပိတ်ထား

**ကလေး၀ ဇူလိုင် ၁၅**

ချင်းတောင်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ကလေး၊ တမူး၊ မော်လိုက်ခရိုင်များအတွက် လည်းကောင်း၊ မြန်မာ- အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်စည်ပို့ဆောင်ရောင်း၀ယ်ရေးအတွက်လည်းကောင်း အဓိကကျသော မဟာမြိုင်လမ်းဟုခေါ်ဆိုသည့် ကလေး၀-မဟာမြိုင်-ရေဦးလမ်းတွင် ၁၀ ဘီး၊ ၁၂ ဘီး ကုန်တင်ယာဉ်များအပါအ၀င် ကုန်ကားကြီးများ သွားလာမှုများပြားလျက်ရှိ၍ ယခုမိုးရာသီကာလတွင် လမ်းပျက်စီးမှုများရှိနေပြီး အချို့လမ်းနေရာများတွင် ယာဉ်တိမ်းမှောက်မှုများ မကြာခဏဖြစ်ပေါ်နေမှုကြောင့် ဇူလိုင်လဆန်းပိုင်းမှစတင်ကာ မိုးနှောင်း စက်တင်ဘာလကုန်အထိ ကုန်တင်ယာဉ်ကြီးများသွားလာမှုကို ခေတ္တရပ်ဆိုင်းပိတ်ပင်ထားကြောင်း သိရသည်။

ကလေး၀- မဟာမြိုင်- ရေဦးလမ်း ပျက်စီးမှုများတွင် အဓိကအကြောင်းရင်းမှာ ကုန်တင်ယာဉ်ကြီးများနှင့် သစ်တုံးတင်ကားကြီးများက ကုန်မတန်တဆ တန်ပိုတင်ဆောင်၍ သွားလာမောင်းနှင်မှုများကြောင့်ဖြစ်ပြီး လမ်းပခုံးသား ပဲ့ကျပျက်စီးမှုအများအပြားဖြစ်ကာ မိုးတွင်းကာလတွင် မြေသားလမ်းနှင့် ကျောက်ခင်းလမ်း နေရာများ၌လည်း ရွှံ့ဗွက်များ ပြည့်နှက်လျက်ရှိသည်။



အဆိုပါလမ်း၏ ကလေး၀မြို့မှ သက္ကယ်ကျင်းကျေးရွာအထိ ကွန်ကရစ်လမ်းပိုင်းတွင်လည်း ကားနှစ်စီး ရှောင်တိမ်းမောင်းနှင်၍ မရနိုင်သည့်အနေအထား ဖြစ်သည့်အပြင် လမ်းအောက်ခံမြေမှာလည်း ခိုင်မာမှုမရှိသည့်အတွက် မကြာခဏ ကားမှောက်မှုများရှိနေကြောင်း ကလေး၀မြို့နယ် လမ်းဦးစီးဌာနမှတာ၀န်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါလမ်းပိုင်းကို လက်ရှိအသုံးပြု သွားလာနေရသည့် ကလေး-တမူး-မန္တလေးပြေးဆွဲသော ပါဂျဲရိုးယာဉ်လိုင်းမှ ယာဉ်မောင်း ကိုတင်ထွန်းလှိုင်က "ကျွန်တော်တို့ ကလေး-ကလေး၀- တမူးမြို့ ဒေသခံတွေအနေနဲ့ကတော့ ကလေး၀-မဟာမြိုင်- ရေဦးလမ်းကို ကားနှစ်စီးရှောင်မောင်းနိုင်ပြီး နွေမိုးဆောင်းသွားလာလို့ရတဲ့လမ်းမျိုး အဆင့်မြှင့်တင်ပေးစေလိုပါတယ်။ ကလေး၀- ရေဦးလမ်း၊ ကလေး၀- ယာကြီးလမ်း၊ ကလေး၀- ဂန့်ဂေါပတ်လမ်းဆိုပြီး မုံရွာ- မန္တလေး ဆက်သွယ်ရေးလမ်းတွေ ရှိနေပေမယ့် ကလေး-ဂန့်ဂေါလမ်းဆိုတာက လမ်းကြောရှည်တယ်။ ကလေး၀- ယာကြီးလမ်းက လမ်းမကောင်းပေမယ့် လမ်းကြောတိုတယ်။ အဲလိုပဲ ကလေး၀- ရေဦးလမ်းကလည်း လမ်းမကောင်းတဲ့အတွက် လမ်းကောင်းမွန်အောင် အဆင့်မြှင့်တင်ပေးမယ်ဆိုရင် သယ်ယူပို့ဆောင်ရေးအတွက် ပိုအဆင်ပြေလာပြီး ကုန်စည်စီးဆင်းမှုပိုမြန်ဆန်လာမယ်လို့ယုံကြည်မျှော်လင့်ပါတယ်"ဟု ပြောသည်။

ကလေး- ကလေး၀- မဟာမြိုင်- ရေဦး- မုံရွာလမ်းသည် စုစုပေါင်း ၁၆၅ မိုင်အရှည်ရှိပြီး ဒုတိယကမ္ဘာစစ်အတွင်း ကာလမှစတင်၍ အသုံးပြုခဲ့သည့် လမ်းဟောင်းတစ်ခုဖြစ်ကာ လမ်းကောင်းမွန်ချောမွေ့စေရန်အတွက် အဆင့်မြှင့်တင်ပေးနိုင်မည်ဆိုပါက ပွင့်လင်းရာသီ၌ လက်ရှိပြေးဆွဲနေသည့် မီနီဘတ်စ်ကားဖြင့် ကလေး၀မြို့မှ ချင်းတွင်းမြစ်ကူးတံတား(ကလေး၀)ကိုဖြတ်၍ မုံရွာမြို့သို့ အရောက် မောင်းနှင်ချိန် ခြောက်နာရီမျှသာကြာမြင့်တော့မည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး အမြန်နှုန်းတိုင်းကိရိယာဖြင့် စစ်ဆေး

**မိုးညှင်း ဇူလိုင် ၁၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့အ၀င် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီးပေါ်၌ မောင်းနှင်သွားလာသောယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် အမြန်နှုန်းတိုင်းကိရိယာဖြင့် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ဇူလိုင် ၁၃ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အမှတ်(၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးမြင့်မိုး ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့၀င်များက လမ်းမကြီးပေါ်တွင် ဖြတ်သန်းသောယာဉ်များကို အမြန်နှုန်းတိုင်းကိရိယာဖြင့် စစ်ဆေးပြီး မော်တော်ယာဉ်မောင်းသူများအနေဖြင့် သတ်မှတ်အမြန်နှုန်းထက်ပို၍ မောင်းနှင်မှုမပြုကြရန်နှင့် မှန်ကန်သော အချက်ပြမီးစနစ်အကြောင်း အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

"မြို့နယ်နိမိတ်အတွင်းမှာ တစ်နာရီကို ၄၈ ကီလိုမီတာ(မိုင် ၃၀)နှုန်းနဲ့ မြို့တစ်မြို့နဲ့ တစ်မြို့ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီးမှာ တစ်နာရီ ၈၀ ကီလိုမီတာ(မိုင် ၅၀) နှုန်း၊ ဆီသယ်ယာဉ်၊ မီးလောင်ပေါက်ကွဲစေတတ်တဲ့ပစ္စည်းများ တင်ဆောင်လာတဲ့ယာဉ်နဲ့ နောက်တွဲယာဉ်တွေကို မြို့နယ်နိမိတ်အတွင်းမှာ တစ်နာရီ ၃၂ ကီလိုမီတာ (မိုင် ၂၀)နှုန်းနဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ၅၆ ကီလိုမီတာ(၃၅ မိုင်) နှုန်းအထိသာ မောင်းနှင်ဖို့ သတ်မှတ်ထားပါတယ်"ဟု အမှတ်(၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးမြင့်မိုးက ပြောကြားသည်။

**(၀၆၇)**

## မြို့နယ်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်

**နမ့်ခမ်း ဇူလိုင် ၁၅**

အားကစားကဏ္ဍ တိုးတက်မြင့်မားရေးနှင့် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်၌ အလျား ကိုက် ၁၁၀၊ အနံ ကိုက် ၇၀ ရှိ ဘောလုံးအားကစားကွင်းကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဘောလုံးကွင်း အဆင့်မြှင့်တင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ ကျပ်သိန်း ၂၅၀ ဖြင့် ပွဲကြည့်စင်ကိုလည်းကောင်း၊ ခွင့်ပြုငွေ ကျပ်သိန်း ၃၀၀ ဖြင့် ကစားကွင်း၏မြေသား ပြုပြင်ခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဘောလုံးကစားကွင်းအတွင်း ဂျပန်မြက်ကပ်ခြင်းလုပ်ငန်းကို ကျပ်သိန်း ၃၅၀ ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်မှုများမှာ မကြာမီပြီးစီးတော့မည်ဖြစ်ကာ ခြောက်လအတွင်း ကစားကွင်းကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ် ဖွင့်ပွဲကျင်းပ

**ပေါက် ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ် ဖွင့်ပွဲကို ဇူလိုင် ၁၃ ရက်က ကျင်းပရာ တိုင်းဒေသကြီးလူမှုရေး၀န်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်၊ တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြူကြူနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် လူမှုရေး၀န်ကြီး ဒေါက်တာခင်မောင်အေးက အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆေးရုံ၌ မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအား ရာသီဥတုအလိုက် ဖြစ်ပွားတတ်သောရောဂါများ ကာကွယ်စောင့်ရှောက်ခြင်း၊ အထွေထွေရောဂါများကို တိုင်းရင်းဆေးပညာဖြင့် စမ်းသပ်စစ်ဆေး ကုသပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဉာဏ်တိုး(ပေါက်)**

## တောင်ကျချောင်းရေကိုအမှီပြု၍ တစ်ပိုင်တစ်နိုင် ရွှေရှာသည့်လုပ်ငန်းများ စတင်

**ဗန်းမောက် ဇူလိုင် ၁၅**

ဗန်းမောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအနေဖြင့် မိုးရွာသွန်းချိန်များတွင် တောင်ကျချောင်းရေများထဲ၌ တစ်ပိုင်တစ်နိုင် ရွှေရှာဖွေခြင်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ နှစ်စဉ် မိုးရွာသွန်းမှုများပြားလာချိန်တွင် တောင်ကျချောင်းများ၌ ရေများလာသည့်အပေါ် မူတည်၍ တစ်နေရာမှ တစ်နေရာသို့ နေရာပြောင်းပြီး ရွှေရှာကြရာ ယခုနှစ်တွင်လည်း မိုးများလာချိန်တွင် ချောင်းရေ၌ ရွှေရှာကြခြင်းဖြစ်ကြောင်း သိရသည်။

ဗန်းမောက်မြို့အတွင်းရှိ ကျေးရွာများဖြစ်သည့် မံစီကြီး၊ ရွှေတော်၊ ဟဲချိန်၊ မံထုံနှင့် အခြားကျေးရွာများတွင် ကုမ္ပဏီအချို့က စက်ယန္တရားများအသုံးပြုပြီး ရွှေတူးဖော်မှုများရှိသလို တရားမ၀င် ရွှေတူးရှာဖွေနေသူများလည်းရှိကြောင်း၊ စက်ယန္တရားများဖြင့် တူးဖော်ခြင်းကြောင့် သဘာ၀ပတ်၀န်းကျင်ပျက်စီးမှု အများဆုံးဖြစ်ပြီး မြေကျင်းများ၊ တွင်းပျက်များ နေရာအနှံ့တွင် ကျန်ခဲ့ကြောင်း၊ သစ်ပင်များလည်း ပျက်စီးရကြောင်း လက်ယက်ရွှေရှာသူတစ်ဦးက ပြောသည်။

လက်ယက်ရွှေရှာသူများမှာ တောင်ကျချောင်းရေအတွင်း လက်နှင့်ယက်၍ ရွှေရှာရုံသာဖြစ်သဖြင့် သဘာ၀ပတ်၀န်းကျင်ကိုလည်း မထိခိုက်စေကြောင်း နှစ်စဉ် ချောင်းများထဲတွင် ဒေသခံတိုင်း ရွှေရှာကြလေ့ရှိကြောင်း၊ ချောင်းရေအတွင်း ရွှေရှာဖွေ၍ ရသည့်ငွေဖြင့် တောင်သူလုပ်ငန်းများ နားချိန်တွင် စား၀တ်နေရေးအတွက် အသုံးပြုရသဖြင့် ရွှေရှာခြင်းသည် ဒေသခံများ၏ အဓိကကျသော အသက်မွေး၀မ်းကျောင်း အလုပ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

တောင်ကျချောင်းများအတွင်း ရွှေရှာဖွေရာတွင် ရွှေရရှိအောင် ချောင်းရေထဲတွင် တစ်နေကုန် ရှာဖွေရကြောင်း၊ ရရှိသောရွှေစများကို ကျင်ယူပြီး ရလာသည့်ရွှေကို ပြဒါးနှင့်ရောနှော မီးအပူပေးကာ ထားရှိရကြောင်း၊ ထို့နောက် ဗန်းမောက်မြို့နယ်မှ ရွှေလိုက်၀ယ်သူများထံ ရောင်းချကာ ရွှေအသန့် တစ်ကျပ်သားလျှင် ကျပ် ၈၁၀၀၀၀ ဈေး၊ တစ်ရွေးချင်းရောင်းလျှင် ၁၄၅၀၀ ကျပ်ဈေးဖြင့် ရောင်းချရကြောင်း၊ ဗန်းမောက်မြို့ ရွှေဆိုင်များသို့ ပြဒါးနှင့်သန့်ထားပြီးသောရွှေကို ကိုယ်တိုင်ရောင်းပါက တစ်ရွေးလျှင် ၁၇၅၀၀ ကျပ်ဈေး ရရှိကြောင်း၊ တောင်ကျချောင်းရေများတွင် ရွှေရှာဖွေသူများအနေဖြင့် ချောင်းရေအခြေအနေနှင့် ရှာဖွေနိုင်မှုအပေါ် မူတည်၍ တစ်ရက်လျှင် ကျပ် ၄၀၀၀၊ ၅၀၀၀ ဖိုးခန့်မှ ကျပ် ၉၀၀၀၊ ၁၀၀၀၀ ဖိုးခန့်အထိ ရလေ့ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



## စားသုံးသူအခွင့်အရေးနှင့် ဘေးကင်းသောအစားအသောက်များအကြောင်း ပညာပေးဟောပြော

**ငါ့သရောက် ဇူလိုင် ၁၅**

ဒေသခံပြည်သူများ စားသုံးသူရေးရာ အခွင့်အလမ်းများကို ကောင်းစွာသိရှိနားလည်ပြီး ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော အစားအသောက်များကို ရွေးချယ်စားသုံးတတ်စေရန်



ရည်ရွယ်၍ ညောင်ဦးမြို့နယ် အစားအသောက်နှင့် ဆေး၀ါး ကွပ်ကဲရေးဦးစီးဌာန (FDA)နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကာ ဇူလိုင် ၁၄ ရက်က ငါ့သရောက်မြို့ အမှတ်(၂) ပျဉ်းပင်ရပ်ကွက် ရွှေဘုံသာဘုရားတန်ဆောင်း၌ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပျဉ်းပင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဒွေးနှင့် ရပ်ကွက်နေပြည်သူများအား ညောင်ဦးမြို့နယ် အစားအသောက်နှင့် ဆေး၀ါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်သီတာမြိုင်က စားသောက်ကုန်ပစ္စည်းများတွင် ဓာတုဆိုးဆေးများ ထည့်သွင်းပြုလုပ်ထားပုံ အဆင့်ဆင့်နှင့် ဆောင်ရန်ရှောင်ရန် အချက်များကိုလည်းကောင်း၊ ဆေးဘက်ကျွမ်းကျင်-၂ ဒေါ်ငြိမ်းငြိမ်းအိက ဆေးဆိုင်များတွင် ဆေး၀ါးများ ၀ယ်ယူသုံးစွဲပါက တရား၀င် မှတ်ပုံတင်ထားခြင်း ရှိ/မရှိ စစ်ဆေးပြီးမှ ၀ယ်ယူသုံးစွဲရန် နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာ၀န်ခံ ဦးတင်မျိုးခိုင်က ဌာနမှထုတ်ပြန်ထားသည့် စားသုံးသူရေးရာ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းဟောပြောကြပြီး ဒေသခံပြည်သူများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲ၀င်းနိုင်(ညောင်ဦး)**



# ပြည်ပ မီဒီယာအဖွဲ့များ မောင်တောမြို့နယ်အတွင်း သတင်းရယူ

**စစ်တွေ ဇူလိုင် ၁၅**

ပြည်ပ မီဒီယာအဖွဲ့များသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တော မြောက်ပိုင်း၌ လှည့်လည်သတင်းရယူကြသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် မောင်တောမြို့မှ ထွက်ခွာရာ ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# မစ္စ ယန်ဟီလီ လားရှိုးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာ




**လားရှိုး ဇူလိုင် ၁၅**

လားရှိုးမြို့၌ ရောက်ရှိနေသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီအရင်ခံစာတင်သွင်းသူ မစ္စ ယန်ဟီလီသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ဂိုးဒင်းဟေးလ်ဟိုတယ်၌ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပုညနန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လားရှိုးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **(ဝဲပုံ)**

**(ပြည်နယ် ပြန်/ဆက်)**

# မောင်တောမြို့တွင် ညနေပိုင်းအထိ ရောင်းဝယ်ဖောက်ကားသူများဖြင့် စည်ကားလျက်ရှိ

**မောင်တော ဇူလိုင် ၁၅**

မောင်တောမြို့၌ ညမထွက်ရ အမိန့် ထုတ်ပြန်ထားဆဲဖြစ်သော်လည်း ဈေးများ၌ ညနေပိုင်းအထိ ပုံမှန်ရောင်းဝယ်ဖောက်ကားသူများဖြင့် စည်ကားလျက်ရှိနေသည်။ **(ယာပုံ)**

၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် လုံခြုံရေးအခြေအနေအရ ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ရသော်လည်း မြို့ပေါ် လုံခြုံရေးအခြေအနေမှာ ပိုမိုတိုးတက်ကောင်းမွန်လာလျက်ရှိကြောင်း တွေ့ရသည်။

အစိုးရရုံးများ၊ ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ ဈေးများ၊ ဘဏ်များ ပုံမှန်ဖွင့်လှစ်လည်ပတ်လျက်ရှိပြီး ပုဂ္ဂလိက လက်လီအရောင်းဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ဆံပင်ညှပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ ဆေးဆိုင်၊ လက်ဖက်ရည်ဆိုင်များလည်း ပုံမှန်ဖွင့်လှစ် ရောင်းချလျက်ရှိနေသည်။



ယခင်က အဆိုပါဆိုင်များမှာ လုံခြုံရေးအခြေအနေအရ နံနက်ပိုင်းတွင်သာ ဖွင့်လှစ်ရောင်းချခဲ့ရာမှ ယခုအခါ တစ်နေကုန် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

လက်ရှိအခြေအနေတွင် မောင်တောမြို့တွင် ည ၉ နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရ အမိန့်ထုတ်ပြန်ထားပြီး ည လျှပ်စစ်မီးပေးချိန်မှာလည်း ညနေ ၆ နာရီခွဲမှ နံနက် ၄ နာရီခန့်အထိ ဖြစ်သည်။

ယခုအခါ မောင်တောနှင့် ဘူးသီးတောင်မြို့တို့အကြား ခရီးသည်ဘတ်စ်ကားများ သွားလာမှု၊ ကုန်စည်ယာဉ်များ သွားလာမှုများ တိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ ဝန်းကျင်ကျေးရွာများနှင့်လည်း သုံးဘီးမော်တော်ဆိုင်ကယ်များဖြင့် ခရီးသွားလာမှုမှာ တိုးတက်များပြားလျက်ရှိကြောင်း တွေ့မြင်ရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**

**ဓာတ်ပုံ-သက္က**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဇူလိုင် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄၄ စီး၊ သွင်းကုန် ၅၈၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန်အစီး ၁၃၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ၈၅ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၆ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၉ ဒသမ ၃၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၄ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Mitsubishi Canter ခြောက်ဘီးယာဉ် နှစ်စီးအား ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံလုပ် မုန့်မျိုးစုံ၊ ဆိုင်ကယ်အပိုပစ္စည်း၊ ပလတ်စတစ်အလိပ်များနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၂၉ ဒသမ ၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



# မောင်တောမြို့ပေါ်၌ ပူးပေါင်းအဖွဲ့က အသိပညာပေး

**မောင်တော ဇူလိုင် ၁၅**

ပြည်သူများ အသိပညာဗဟုသုတရရှိစေရေးအတွက် မောင်တောမြို့ပေါ်တွင် ပူးပေါင်းအဖွဲ့မှ အသိပညာပေး ရွေ့လျား(Mobile) ဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘူးသီးတောင်မြို့နယ်ရဲတပ်ဖွဲ့မှူးက မြို့နယ်အတွင်းရှိ မှုခင်းကျဆင်းရေး၊ မြို့နယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က မောင်တောခရိုင်အတွင်း လူကုန်ကူးမှုဆိုင်ရာများ၊ နိုင်ငံခြားသို့ တရားမဝင်သွားရောက်မှုအခြေအနေများ ပြစ်မှုပြစ်ဒဏ်များအကြောင်းအရာများ၊ မူးယစ်တပ်ဖွဲ့စု (၄၆)မှ မြို့နယ်အတွင်း မူးယစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မူးယစ်၏ဆိုးကျိုးများ၊ ပြစ်မှုဆိုင်ရာအကြောင်းအရာများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စုက လမ်းစည်းကမ်း ယာဉ်စည်းကမ်းများကို ရှင်းလင်းပြောကြားကြသည်။

**(ခရိုင် ပြန်/ဆက်)**

# မိုးညိုမြို့နယ်အတွင်း ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် စာသင်ကျောင်း ငါးကျောင်း ခေတ္တပိတ်ထား

**မိုးညို ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်း ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကျေးရွာငါးရွာမှ စာသင်ကျောင်း ငါးကျောင်းကို ဇူလိုင် ၁၄ ရက်က ပိတ်ထားခဲ့ရသည်။

အဆိုပါ မြစ်ရေဝင်ရောက်သည့် မိုးညိုမြို့နယ် ကျေးရွာများရှိ ယာယီပိတ်ထားသော ကျောင်းများမှာ အိုးဘိုကျွန်းအုပ်စု ရွှေသောင်ကျေးရွာ အမက (ရွှေတောင်)၊ အိုးဘိုကျွန်းအုပ်စု ရှစ်ကွက်ကျေးရွာ မူလွန်(ရှစ်ကွက်)၊ ပိုးဇာကုန်းကျေးရွာ အမက (ပိုးဇာကုန်း)၊ ထိန်တောအုပ်စု ပါရမီကျေးရွာ အမက(ပါရမီ)နှင့် ထိန်တောအုပ်စု ကျွန်းကြီးကျေးရွာ အလက(ခွဲ)တို့ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ရေကြီးရေလျှံမှုကြောင့် သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာများသို့ ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကွမ်းခြံကျေးရွာ နှုန်းတန်းကျေးရွာနှင့် အင်တောကျေးရွာတို့တွင် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက မိုးသည်းထန်စွာရွာသွန်း၍ ချင်းတွင်းမြစ်ရေ ဝင်ရောက်လာမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး သောက်သုံးရေ အခက်အခဲဖြစ်နေသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလှိုင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာများရှိ ရေဘေးသင့်ပြည်သူများထံသို့ သောက်ရေသန့် ဘူးကြီး ၁၅၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **ကိုရဲ**

# သစ်ပင်လဲကျပြီး ကားလမ်းပိတ်၊ ရဲတပ်ဖွဲ့ဝင်များ ရှင်းလင်း

**နေပြည်တော် ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဒရင်္ဂဗိုလ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ပြည်-အောင်လံကားလမ်း၊ မိုင်တိုင် အမှတ် (၁၉၇/၃)အနီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းပေါ်သို့ သစ်ပင်လဲကျ၍ လမ်းပိတ်နေကြောင်းသိရှိရသဖြင့် အဆိုပါနေရာသို့ သွားရောက်ကာ လဲကျနေသည့် သစ်ပင်အား ခုတ်ထွင်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# ဇင်းကျိုက်၌ မိုးသည်းထန်ပြီး အဝေးပြေးကားလမ်း ရေလွှမ်း

**ဇင်းကျိုက် ဇူလိုင် ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့၌ ဇူလိုင် ၁၄ ရက် ညပိုင်းမှစတင်ကာ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းလာမှုကြောင့် ဇူလိုင် ၁၅ ရက် နံနက်စောစောပိုင်း၌ ဇင်းကျိုက်မြို့ ဖလပ်ရပ်ကွက်နှင့် ခလောက်အင်းရပ်ကွက် နယ်ခြား၊ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းပေါ်နှင့် အနိမ့်ပိုင်းရပ်ကွက်တချို့တို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဖြစ်ပွားရာသို့ ဇင်းကျိုက်ရဲကင်းစခန်းမှ ရဲအုပ် အောင်မင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပေါင်မြို့မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် ပြည်သူများအား အန္တရာယ်ကင်းစွာသွားလာမှုလွယ်ကူစေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **နေခြည်(ဇင်းကျိုက်)**

# အကြမ်းဖက်ဖြစ်စဉ်များနှင့်ဆက်နွယ်သည့် တရားခံတစ်ဦးနှင့် မသင်္ကာသူ ခုနစ်ဦးအား စစ်ဆေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ရသေ့တောင်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များနှင့် ဆက်နွယ်သည့် တရားခံတစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမှုနှင့်ဆက်စပ်သည့် မသင်္ကာသူ ခုနစ် ဦးအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက် သင်တန်းတက်ရောက်ခြင်း၊ ပါဝင်ကူညီခြင်းနှင့် အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွယ်ခြင်း သတင်းများအရ မာမောက်နိုရူဆိုသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရသေ့တောင်မြို့နယ် ချင်းရွာအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ပြီး ညောင်ချောင်းနယ်မြေစခန်း၌ စစ်ဆေးခဲ့ကြောင်း၊ ဇူလိုင် ၁၃ ရက်တွင် စေတီပြင်နယ်မြေစခန်း၌ အမှုဖွင့်စစ်ဆေးပြီး ဖော်ထုတ်ချက်များ အရ ဆက်စပ်တရားခံဖြစ်သည့် ချင်းရွာနေ မော်နီရာမောက်ကို ဇူလိုင် ၁၄ ရက် နံနက် ၃ နာရီတွင် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်ပြီး အမှုနှင့်ဆက်စပ်သည့် မသင်္ကာသူ ခုနစ်ဦးကိုလည်း နယ်မြေစခန်းသို့ ထပ်မံခေါ်ယူစစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**




# မှော်တောမြို့နယ်၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာနှင့် ငါးစားကြူးကျေးရွာကြား၌ ယနေ့နံနက်ပိုင်းက အကြမ်းဖက်သမားများ ထောင်ထားသည်ဟု ယူဆရသော ဒေသန္တရလက်လုပ်မိုင်း တစ်လုံးပေါက်ကွဲပြီး သုံးဦးသေဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြောင်ပိုက်ကျေးရွာနှင့် ငါးစားကြူးကျေးရွာကြား၌ ယနေ့ နံနက် ၁၁ နာရီခန့်က အမျိုးသား လေးဦးသည် လယ်စိုက်ပျိုးပြီး ထမင်းစားနားချိန်၌ လယ်အနီးရှိ တောင်ကုန်းပေါ်သို့ သွားရောက်စဉ် မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းမိုင်းပေါက်ကွဲသည့်နေရာသို့ သွားရောက်ရှင်းလင်းရာ ဆွေယော့ဒူလာဆိုသူမှာ နေရာတွင် သေဆုံးခဲ့ပြီး ဖေရန်၊ အူစမန်နှင့် ကီမန်ဟူဆောင်းတို့သုံးဦးမှာ ဒဏ်ရာများရရှိနေသဖြင့် မွန်းလွဲ ၁ နာရီတွင် မောင်တောဆေးရုံသို့ပို့ဆောင်၍ဆေးကုသမှုခံယူစေခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူ သုံးဦးအနက်မှ ဖေရန်နှင့်အူစမန်တို့ နှစ်ဦးမှာလည်း ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က သေဆုံးသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# မြဝတီတွင် ငွေကျပ် သိန်းငါးရာကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မြဝတီ ဇူလိုင် ၁၅**

ကရင်ပြည်နယ် မြဝတီမြို့တွင် ဇူလိုင် ၁၃ ရက်က မြဝတီခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဦးစီး၍ ပူးပေါင်းအဖွဲ့ဖြင့် မူးယစ်ဆေးဝါးအမှု နှစ်မှုဆက်တိုက် ဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀၀ ကာလတန်ဖိုးငွေကျပ် သိန်းငါးရာနှစ်ဆယ့်နှစ်သိန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီက မြဝတီခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ် မျိုးကျော်ဦးစီးသည့်ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အလိုတော်ပြည့်ရပ်ကွက်အနီး မသင်္ကာဖွယ်တွေ့ရှိသူ အောင်ပန်း(ခ)သံစဉ် (၄၁နှစ်) ဓမ္မဝိဟာရလမ်း အမှတ်(၃) ရပ်ကွက် မြဝတီမြို့နေသူအား ရှာဖွေရာမှ စိတ်ကြွရူးသွပ် ဆေးပြား ၆၀၀၀ ကာလ တန်ဖိုးငွေကျပ် သိန်းတစ်ရာ့ရှစ်ဆယ်ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



စစ်ဆေးပေါ်ပေါက်ချက်အရ မြဝတီ မြို့အမှတ်(၄)ရပ်ကွက် အလိုတော်ပြည့် (၃) လမ်း အခန်းအမှတ်(A-8)နေထိုင်သူ စိန်မောင် (၄၃-နှစ်)၏ နေအိမ်အား ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ရှာဖွေရာ စိန်မောင်မှာ ရှောင်တိမ်းသွားပြီး ၎င်း၏နေအိမ်ကိုရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၀၀ ကာလတန်ဖိုးငွေကျပ် နှစ်ရာ ရှစ်ဆယ့်နှစ်သိန်းခန့်အား သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့က ထွက်ပြေးသွားသော စိန်မောင်အား မြဝတီမြို့ အမှတ်(၅) ရပ်ကွက်လမ်းမပေါ်တွင် မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ယာဉ်အတွင်း ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကာလတန်ဖိုးငွေကျပ် သိန်းခြောက်ဆယ်ခန့်အား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀၀ ကာလတန်ဖိုးငွေကျပ် ငါးရာ နှစ်ဆယ့်နှစ်သိန်းခန့်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ အောင်ပန်း(ခ)သံစဉ်နှင့် စိန်မောင်တို့နှစ်ဦးအား မြဝတီမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မင်းသူ ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရွှေနှင့်ငွေသားများခိုးယူသူအား နှစ်ရက်အတွင်း ဖမ်းမိ

**ကျောက်ဆည် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်နေ ဦးကျော်မင်းထွန်း စည်ပင်ဝန်ထမ်းဖြစ်သူသည် နေအိမ် တံခါးအားသော့ခတ်ပြီး ဇနီးဖြစ်သူ ဒေါ်အိမွန်အောင်နှင့်အတူ ရုံးတက်ရန် သွားရောက်ခဲ့ပြီး မွန်းလွဲ ၁ နာရီခန့်တွင် နေအိမ်သို့ ထမင်းစားရန်ပြန်လာစဉ် ရွှေထည်ပစ္စည်းနှင့်ငွေသားများ ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းရာ တစ်ဝိုင်းတည်းအတူနေ ယောက္ခမဖြစ်သူ ဒေါ်ခင်ကြည်က ယင်းနေ့ နံနက် ၉နာရီခန့်က စည်ပင်ဝန်ထမ်းဟောင်းဖြစ်သူ မောင်ကိုကို ရောက်လာသည်ကိုမြင်တွေ့လိုက်ကြောင်း ပြောပြသဖြင့် နေအိမ်အတွင်းရှိ သံသေတ္တာအတွင်း သိမ်းထားသောပစ္စည်းများနှင့် ငွေကျပ် ၄၁၀၈၇၀၀ကို ခိုးယူသွားသူ မောင်ကိုကို (၃၆နှစ်) တံစိုးဂိတ်ရပ်၊ကျောက်ဆည် မြို့နေသူအား ဥပဒေအရ အရေးယူပေးရန် တိုင်တန်းသဖြင့် ကျောက်ဆည်မြို့မ ရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၎င်းအား ဇူလိုင် ၁၅ရက်တွင် ကျောက်ဆည်မြို့ဘောဂဝတီရပ် ဇော်ဂျီတံတား မြောက်ဘက်ထိပ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ခင်မောင်လွင်**

# ဖက်ရှင်ဒီဇိုင်နာအားသတ်ဖြတ်ပြီး တိုက်ခြောက်လွှာပေါ်မှ လူတစ်ဦးခုန်ချ သေဆုံးမှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီခန့်က ဖက်ရှင်ဒီဇိုင်နာတစ်ဦးအား သတ်ဖြတ်ပြီး ၎င်းကိုယ်တိုင် ခြောက်လွှာတိုက်ခန်းမှ ခုန်ချသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အလုံမြို့နယ် စောရန်ပိုင်မြောက်ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမ တိုက်အမှတ် ၃၉၆ ခြောက်လွှာ(အေ)တွင် နံနက် ၆ နာရီခန့်က အချင်းချင်းရန်ဖြစ်စကားများသံများကြားပြီး ခဏအကြာ အမျိုးသားတစ်ဦး တံခါးပေါက်မှထွက်မည်ပြုရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တွေ့၍ မေးမြန်းမည်ပြုစဉ် ၎င်းမှာတိုက်ပြတင်းပေါက်မှ ခုန်ချသွားခဲ့ကြောင်း ရဲစခန်းသို့အကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ အဆိုပါတိုက်ခန်းတွင်နေထိုင်သူ ဖက်ရှင်ဒီဇိုင်နာ ထွန်းထွန်းထူး (၄၀နှစ်)မှာ နေအိမ် မီးဖိုချောင် အပ်ချုပ်စက်များထားရာနေရာအနီး ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။ သေဆုံးသူ ထွန်းထွန်းထူးနှင့် နေမင်း(ခ)နေနေ (၂၀နှစ်) မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နေသူတို့မှာ ယင်းနေ့ နံနက် ၆ နာရီခန့်က အဆိုပါတိုက်ခန်းအတွင်း အချင်းချင်းစကားများရန်ဖြစ်ပြီး ထွန်းထွန်းထူးအား ကတ်ကြေးဖြင့် အချက်ပေါင်းများစွာ ထိုးနှက်၍ ၎င်းကိုယ်တိုင်မှာလည်း တိုက်ပြတင်းပေါက်မှ ခုန်ချကာ ဒဏ်ရာများရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် နံနက် ၁၁ နာရီခန့်တွင် သေဆုံးသွားခဲ့သဖြင့် ဖြစ်စဉ်နှင့်ပတ်သက်၍ နေမင်း(ခ)နေနေအား အလုံမြို့ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**

# လှေအပျော်စီးသွားရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံး

**မော်လိုက် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ် က ပညာလမ်းပေါ်ရှိ လျှပ်စစ်ဓာတ်တိုင်တွင် လူတစ်ဦးဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်၁၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဓာတ်လိုက်သေဆုံးသူ ကျောင်းတောင်ရပ်ကွက်နေ ဇော်ဝင်းသန်း(ခ) ဝင်းသန်းနှင့် သူငယ်ချင်းများအဖွဲ့သည် မြို့အတွင်းပိုင်းရှိ ချင်းတွင်းမြစ်ရေဝင်ရောက်နေသည့် နေရာများသို့ လှေအပျော်စီးသွားရာမှ ပညာလမ်းကျောင်းတောင်ရပ်ကွက်အရောက် ပညာလမ်းမပေါ်တွင် လှေမှောက်ခဲ့သဖြင့် ဇော်ဝင်းသန်းသည် နီးစပ်ရာဓာတ်တိုင်ပေါ်သို့ ပြေးတက်ခဲ့ရာ ဓာတ်ကြိုးနှင့်ထိမိ၍ဓာတ်လိုက်ပြီး အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက်စွဲ ၂၀၁၇ခုနှစ် ဇူလိုင် ၁၄ရက်)

၁။ ၂၀၁၇ခုနှစ် ဩဂုတ် ၁ရက်တွင် ကျင်းပမည့် (၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အကြိမ်စဉ်မြောက်နှင့် ဖွင့်လှစ်မည့်ရက်စွဲပါရှိသည့် ပင်မထီအက္ခရာ "က"မှ "အ"၊ "ကက"မှ "ကထ"ထိ အက္ခရာအလုံး ၅၀၊ (ထီစာအုပ်ပေါင်း ၄၀၉၀၉၀၀အုပ်)အား ထုတ်ဝေရောင်းချခဲ့ပါသည်။ ထိုသို့ရောင်းချရာတွင် ၁၃-၇-၂၀၁၇ရက်ထိ ထီစာအုပ် ၁၄၀၀၀၀ ခန့်မှာ ရောင်းချရန် ကျန်ရှိနေပါသည်။

၂။ သို့ဖြစ်ပါ၍ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ထီကံစမ်းလိုသူ မိဘပြည်သူများ မည်သူမဆို ဝယ်ယူကံစမ်းလိုပါက ၂၅-၇-၂၀၁၇ ရက် နောက်ဆုံးထား၍ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ အောင်ဘာလေသိန်းဆုဌာနခွဲတွင် လာရောက်ဝယ်ယူကံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြင်ဦးလွင်ခရိုင်တရားမရုံးတော်၌**
**၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၅**

ဒေါ်မြင့်မြင့်ရွှေ **နှင့်** ၁။ ဒေါ်မြင့်မြင့်ခိုင်
၂။ ဦးအောင်လင်း

**တရားလို** **တရားပြိုင်များ**

ဒေါ်မြင့်မြင့်ခိုင်နှင့်ဦးအောင်လင်း အမှတ် ၁၅၊ ကွက်ပြင် ၅၊ ဇီဝကလမ်း၊ ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌တရားလိုက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွက်ပြင် ၅၊ ဦးပိုင်အမှတ်(၁၉-ဈ)၊ မြေယာအမှတ် (၁၂၄-ဂျီ)၊ မြေဧရိယာ ၀.၁၁၁၉၇၂၈ဧက မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို လိမ်လည်ရယူ၊ တရားမဝင်လွှဲပြောင်းထားခြင်းအားပယ်ဖျက်၍ ဂရန်မူရင်းလက်ရောက်ရလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၇ရက်(၁၃၇၉ခုနှစ် ဝါခေါင်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇူလိုင် ၁၃ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဇင်ရွှေ)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/8419 Toyota Noah AZR 60 Mini Van (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြူကြူ ၁၃/တကန(နိုင်)၁၂၃၀၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

# (၉)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲ၌ မိုင်းကျော်ထွန်း ကြေးတံဆိပ်ဆွတ်ခူး၊ ကျွမ်းဘားပြိုင်ပွဲ၌ သာအောင်ထက် ဗိုလ်လုပွဲတက်ရောက်

**စင်ကာပူ ဇူလိုင် ၁၅**

(၉)ကြိမ်မြောက် အာဆီယံ ကျောင်းသားအားကစားပြိုင်ပွဲများကို ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီက စင်ကာပူနိုင်ငံရှိ သတ်မှတ်အားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပခဲ့ရာ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား မီတာ ၃၀၀၀ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ မိုင်းကျော်ထွန်းက စံချိန် ၉ မိနစ် ၀၇ ဒသမ ၃၅ စက္ကန့်ဖြင့် တတိယ၊ အင်ဒိုနီးရှားက စံချိန် ၉ မိနစ် ၀၅ ဒသမ ၇၂ စက္ကန့်ဖြင့် ဒုတိယနှင့် ဖိလစ်ပိုင်က ၈ မိနစ် ၅၆ ဒသမ ၅၁ စက္ကန့်ဖြင့် ပထမရရှိပြီး ဆုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

**ဗိုလ်လုပွဲတက်ရောက်**

ထို့အပြင် Bishen Sports Hall ၌ ကျင်းပသည့် အမျိုးသား Event ကျွမ်းဘားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သာအောင်ထက်က အဆင့် (၃) ဖြင့် အကောင်းဆုံးရှစ်ဦးတွင်ပါဝင်၍ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အုပ်စုပြိုင်ပွဲများကို သတ်မှတ်ထားသော အားကစားရုံများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



ပြေးခုန်ပစ်ပြိုင်ပွဲ၌ တတိယရရှိသည့် မြန်မာနိုင်ငံမှ မိုင်းကျော်ထွန်း(ယာစွန်)ကို တွေ့ရစဉ်

# မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက်ကစားမည်

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင် ၁၇ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲ လေးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် မေလကတည်းက စခန်းဝင်လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ပြိုင်ပွဲအကြိုအပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ရန် ထိုင်းနိုင်ငံသို့ သွားရောက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ အမျိုးသမီးဖူဆယ်ကလပ်အသင်းများ မရှိသောကြောင့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ပြည်တွင်း၌ ခြေစမ်းပွဲကစားရန်အဆင်မပြေသဖြင့် ပြည်ပသို့ သွားရောက်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ဇူလိုင် ၁၉၊ ၂၁၊ ၂၃၊ ၂၅ ရက်တို့တွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် နှစ်ပွဲ၊ အီရန်လက်ရွေးစင် အမျိုးသမီးအသင်းနှင့် တစ်ပွဲကစားရန် သဘောတူညီမှုရထားကာ ကျန်တစ်ပွဲအတွက် အသင်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာအမျိုးသမီး ဖူဆယ်အသင်းတွင် အုပ်ချုပ်သူ ဒေါ်ပုံ့ပုံ့ကြည်၊ အသင်းအတွင်းရေးမှူး ဒေါ်ချိုဇင်မင်း၊ နည်းပြချုပ် ဦးဌေးမြင့်၊ လက်ထောက်နည်းပြ-ဒေါ်သီတာကြည်၊ ဂိုးနည်းပြ-ဒေါ်ဇာလီဝင်း၊ ကစားသမားများအဖြစ် ဂိုးသမား-ခင်နှင်းသန့်၊ ဇင်မင်းထွန်း၊ နွယ်နွယ်စိုး၊ ကေခိုင်စိုး၊ ကစားသမား-ဝါဝါခိုင်၊ ခင်မာလင်း၊ နန်းခမ်းမို၊ ခိုင်မာဦး၊ စန္ဒာထွေး၊ ပပဝင်း၊ ယုယုစိုး၊ ကေသီစိုး၊ မိဆက်၊ တင့်တင့်ထွန်း၊ ဆုပိုပိုကျော်၊ ဘေဝါထူး၊ သူဇာဝိုင်း၊ အေးစန္ဒာလှိုင်၊ ရွှေဇင်အောင်၊ တင်ဇာမိုး၊ အိအိကျော်၊ ဝါဝါထူးတို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုခြေစမ်းခရီးစဉ်တွင် ကစားသမား ၂၂ ဦး ခေါ်ဆောင်သွားမည်ဖြစ်ပြီး ပဏာမလက်ရွေးစင်ကစားသမားများ၏ ခြေစွမ်းကို စမ်းသပ်သွားမည်ဖြစ်ကာ ပြန်လည်ရောက်ရှိလာပါက ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ် ရွေးချယ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ❖ မန်ချက်စတာစီးတီးအသင်းသည် တော့တင်ဟမ်နှင့် အင်္ဂလန်ညာနောက်ခံကစားသမား ဝေါလ်ကာကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၄၅ သန်းဖြင့် အပြီးသတ်စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ စပါးအသင်းတွင် ရှစ်ရာသီကြာဖြတ်သန်းခဲ့သော ဝေါလ်ကာသည် မန်စီးတီးအသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိသော စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် စာချုပ်တွင် အပိုဆုကြေးအဖြစ် ပေါင် ငါးသန်းပေးချေရမည်ဟု ထည့်သွင်းချုပ်ဆိုထားသည်။ ၎င်းသည် ၂၀၀၉ ခုနှစ်တွင် ရှက်ဖီးလ်ယူနိုက်တက်အသင်းမှ စပါးအသင်းသို့ ရောက်ရှိခဲ့ရာ ပရီမီယာလိဂ်တွင် ၁၈၃ ပွဲ ကစားပေးထားပြီး ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားလ်နှင့် ဂိုးသမား အီဒါဆင်တို့ပြီးနောက် မန်စီးတီးအသင်း၏ သုံးဦးမြောက်ခေါ်ယူစာချုပ်သော ကစားသမားဖြစ်ကြောင်း လည်း သိရသည်။
- ❖ အာဆင်နယ်အသင်းသည် နီမန်ဂျာမာတစ် (၂၈နှစ်)ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ချယ်လ်ဆီးအသင်းထံသို့ အင်္ဂလန်ကွင်းလယ်ကစားသမား ချန်ဘာလိန်နှင့် အလဲအထပ်ပြုလုပ်ရန် ကမ်းလှမ်းလာနိုင်ကြောင်း သိရသည်။
- ❖ မန်ချက်စတာယူနိုက်တက်အသင်း၏ တတိယဂိုးသမားအဖြစ်ရွေးချယ်ထားသော ပီရဲရား (၂၁နှစ်) သည် ဒေးဗစ်ဒီဂီယာ အသင်းမှထွက်ခွာသွားပါက အသင်း၏ နံပါတ်တစ်ဂိုးသမားဖြစ်လာနိုင်သည့် အလားအလာရှိကြောင်း သိရသည်။
- ❖ လီဗာပူးအသင်းသည် ဂီနီယာနိုင်ငံသား လိုက်ပ်ဇစ်ကွင်းလယ်ကစားသမားဖြစ်သော အသက် (၂၂နှစ်)အရွယ် နာဘီကီတာကို ပေါင် ၆၅ သန်းဖြင့် ကမ်းလှမ်းနိုင်ကြောင်း သိရသည်။
- ❖ ဘာမင်ဂမ်နည်းပြ ဟယ်ရီရက်နက်သည် အယ်လ်အေဂလက်ဆီအသင်းမှ အာဆင်နယ်နှင့် ချယ်လ်ဆီး ဘယ်နောက်ခံကစားသမားဟောင်း အက်ရှ်လေကိုး (၃၆နှစ်) ကို ခေါ်ယူစာချုပ်ရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ❖ ရိုးမားအသင်းသည် လက်စတာစီးတီးတောင်ပံကစားသမား မာရက်ဇ် (၂၆နှစ်) ကို ပေါင်သန်း ၃၀ ခန့်ဖြင့် ကမ်းလှမ်းမှုပြုလုပ်ရန် ပြင်ဆင်နေကြောင်း သိရသည်။

## ၂၀၁၇ - ၂၀၁၈ ပရီမီယာလိဂ်၌ ထိပ်တန်းပြောင်းရွှေ့မှုများ

| | | |
|---|---|---|
| လူကာကူ (မန်ယူ) | - | ပေါင် ၇၅ သန်း |
| လာကာဇက်တီ(အာဆင်နယ်) | - | ပေါင် ၄၆ ဒသမ ၅ သန်း |
| ဝေါလ်ကာ(မန်စီးတီး) | - | ပေါင် ၄၅ သန်း |
| ဆီးဗားလ်(မန်စီးတီး) | - | ပေါင် ၄၃ သန်း |
| အီဒါဆင် (မန်စီးတီး) | - | ပေါင် ၃၅ သန်း |
| ဆာလာ(လီဗာပူး) | - | ပေါင် ၃၄ သန်း |
| လင်ဒီလော့ဖ်(မန်ယူ) | - | ပေါင် ၃၁ သန်း |
| ကိန်း(အဲဗာတန်) | - | ပေါင်သန်း ၃၀ |
| ရူဒီဂါ(ချယ်လ်ဆီး) | - | ပေါင် ၂၉ သန်း |
| ပစ်ဖို့ဒ်(အဲဗာတန်) | - | ပေါင် ၂၅ သန်း |

* ကနဦး ပြောင်းရွှေ့မှုများဖြစ်ပါသည်။

**ဇော်ဇော်**

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၄)လမ်း၊ တိုက်အမှတ်(၁၇၅)ဟုခေါ်တွင်သည့် (၃½ထပ်)၊ ကန်ထရိုက်တိုက်၏(၂လွှာ) တိုက်ခန်းအား အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း**

**အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းကို ဦးကျော်ရစ်တူး(7/Kawana(N)112890)က တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇာဇာအောင် ၁၂/ဥကမ(နိုင်)၁၅၉၈၅၃က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည့်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဇာခြည်ထိုက်(LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၄၁၈၁၂)
ဖုန်း-၀၉-၈၇၅၈၀၁၈၄၃၊ ၀၉-၄၂၂၃၃၅၉၅
ခြံအမှတ်(၂၀၀)၊ စိန်ချယ်လမ်း၊ (၅)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ်(၂၁/က)နေ ဦးကျော်ခင် ၁၁/တကန(နိုင်)၀၅၀၆၈၃၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သ.က.တ ၁၊ မြေကွက်အမှတ် ၇၅၄/က၊ အလျားပေ ၂၀၊ အနံပေ ၆၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသည့် အမှတ် ၇၅၄/ခ၊ ဗိုလ်အောင်ကျော်လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးမြမောင် ၁၂/လမတ(နိုင်)၀၀၅၂၅၇ ထံမှ ကာလတန်ကြေးငွေဖြင့် ဝယ်ယူရန် သဘောတူပြီး စရန်ငွေပေးအပ်ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ခင် ၁၁/တကန(နိုင်)၀၅၀၆၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကိုဦး
တရားလွှတ်တော်ရှေ့နေ
စဉ်-၉၉၆၃
အမှတ် ၈၅၉၊ သုမာလာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၇၇၇၇၉၉၆၃၊ ၀၉-၇၉၉၉၉၃၄၀၀၊ ၀၉-၂၅၀၂၈၁၃၃၂

**ဖခင်အမည်မှန်**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ စိုးဘရားသားစ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မနန်ထန်၏ ဖခင်အမည်မှန်မှာ ဦးမာဂမ် ၁၃/တယန(နိုင်)၀၁၀၀၆၆ ဖြစ်ပါကြောင်း။
ဦးမာဂမ်

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပြင်ဦးလွင်မြို့နယ်၊ ညောင်ကုန်းကျေးရွာနေ မောင်ရာတန်ထွန်း၏ ဖခင် ဦးအောင်မျိုးဝင်း(ခ)ဦးအောင်အောင် ၉/ပဥလ(နိုင်)၀၂၉၈၀၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးအောင်မျိုးဝင်း(ခ)ဦးအောင်အောင်

**ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့၊ English House ကိုယ်ပိုင်အထက်တန်းကျောင်း၊ န၀မတန်း၌ မောင်နေသူရဦး၏ ဖခင်အမည်မှန်မှာ ဦးရန်အောင်ထွန်း ဖြစ်ပါသည်။
ဦးရန်အောင်ထွန်း

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပြင်ဦးလွင်မြို့နယ်၊ မူလွန်-ညောင်ကုန်း၊ သတ္တမတန်းမှ ဦးစိုးလင်း၏ သား မောင်ဝေမင်းအောင်(ခ)မောင်ဝေမင်း ၉/ပဥလ(နိုင်)၀၇၆၀၅၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်ဝေမင်းအောင်(ခ)မောင်ဝေမင်း

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2H/1599 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

**ပဲခူးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုက်အထပ်ပြောင်းလဲဆောက်လုပ်မည်ဖြစ်ကြောင်းနှင့် တင်ဒါပိတ်ရက် ပြောင်းလဲကြောင်းကို အသိပေးကြေငြာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပဲခူးမြို့တွင် ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူထားခဲ့သော (၄)ခန်းတွဲ (၆)ထပ်တိုက် (၄)လုံးကို (၄)ခန်းတွဲ (၅)ထပ်တိုက်အဖြစ် ပြောင်းလဲ ဆောက်လုပ်သွားမည်ဖြစ်ပါ၍ တင်ဒါတင်သွင်းလိုသူများ အနေဖြင့် (၅)ထပ် အဆောက် အဦများအဖြစ် ရေးဆွဲတင်သွင်းကြပါရန်နှင့် တင်ဒါပိတ်ရက်ကို (၂၁-၇-၂၀၁၇) (သောကြာနေ့) သို့ ပြောင်းလဲ သတ်မှတ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

**တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၀၀၁၇**




**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8B/6235 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဒေါပုံမြို့နယ်အတွင်းရှိ မြေကွက်/တိုက်ခန်း ရောင်းမည်**

ဒေါပုံမြို့နယ်အတွင်းရှိ၊ ဂရန်လက်ဝယ်ရှိ (၂၅×၅၀) ပေ မြေကွက်များ၊ မြေညီတိုက်ခန်း၊ ပထမထပ်တိုက်ခန်း၊ ဒုတိယထပ်တိုက်ခန်းများကို အထူးဈေးဖြင့်ရောင်းမည်။ အရစ်ကျဝယ်လိုလျှင်လည်းရနိုင်ပါသည်။

**ဆက်သွယ်ရန် - ဖုန်း - 09-5500557**
**09-785100709**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄က/၉၉၈၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၇)လမ်း၊ အမှတ်(၁၆)၊ ငါးလွှာ(ယာ)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၁၅×၄၂)ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးတင်မောင်မြင့် ၂/လကန(နိုင်)၀၄၅၈၃၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုဦး ၇/ဝမန(နိုင်)၁၅၂၄၂၉က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ပေးအပ်ပြီးဖြစ်ပါသည်။အဆိုပါ အခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ငါးရက်အတွင်း ကျွန်ုပ်နှင့်ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုဦးထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကိုကိုဦး ၇/ဝမန(နိုင်)၁၅၂၄၂၉
ဖုန်း-၀၉-၇၉၈၁၂၇၃၉၉၏
လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးအေးအောင်
LL.B, LL.M
တရားလွှတ်တော်ရှေ့နေ
စဉ်-၁၂၀၀၄
ဖုန်း-၀၉-၉၉၇၄၅၈၉၇၇၆

**ယာဉ်အပ်နှံ ပုံစံ(ဃ)နှင့် ပုံစံ(စ) ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ယူရန်**

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၉၉၅(က)နေ ဦးမျိုးထွန်း ၁၂/လမန(နိုင်)၁၁၉၁၈၁ အမည်ပေါက်ယာဉ်အမှတ် ၈ဈ/၅၄၁၉ AMA Aung Myanmar Asia ယာဉ်အား အမှတ်(၁) သံမဏိစက်ရုံသို့ ၂၆-၆-၂၀၁၇ရက်တွင် အပ်နှံခဲ့ပြီး ၂၉-၆-၂၀၁၇ ရက်တွင် ၎င်းယာဉ်အပ်နှံ ပုံစံ(ဃ)နှင့် ပုံစံ(စ) ပျောက်ဆုံးသွားပါ၍ ကျွန်တော် ဦးမျိုးထွန်းမှ မိတ္တူထုတ်ယူမည်ဖြစ်ပါသဖြင့် တခြားမည်သူတစ်ဦးတစ်ယောက်မှ ကိုယ်စားလှယ်လွှဲပြောင်းထားခြင်း မရှိပါကြောင်း အသိပေးအပ်ပါသည်။
ဦးမျိုးထွန်း
ဖုန်း-၀၉-၄၃၀၇၀၃၀၇

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1K/5855 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

(ည) အားလပ်ချိန်နှင့်ကစားချိန်များ ရပိုင်ခွင့်ရှိပြီး အသက်အရွယ်အလိုက် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲခွင့်ရှိသည်။

(ဋ) ဥပဒေနှင့်အညီအမွေဆက်ခံခွင့်ရှိသည်။

(ဌ) ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ရှိပြီး ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာအတွက် ဥပဒေအရ အကာအကွယ်ရထိုက်ခွင့်ရှိသည်။

(ဍ) ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို အကြောင်းမဲ့ထိပါးခြင်းမခံရစေရန်ဥပဒေနှင့်အညီ ကာကွယ် စောင့်ရှောက်ခံပိုင်ခွင့် ရှိသည်။

(ဎ) ပုဒ်မခွဲ (က) မှ (ဍ) အထိပါ အခွင့်အရေးများအပြင် ဤဥပဒေပါ ကလေးသူငယ်၏ အခြားအခွင့်အရေးများကို တန်းတူညီမျှစွာ ရရှိခံစားခွင့်ရှိသည်။

၂၀။ ကလေးသူငယ်၏ အခွင့်အရေးတစ်ရပ်ရပ်ဆုံးရှုံးနစ်နာခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူကလေးသူငယ်ကိုယ်တိုင်ကဖြစ်စေ၊ ကလေးသူငယ်၏ကိုယ်စား မိဘ၊ အုပ်ထိန်းသူက ဖြစ်စေ၊ နီးစပ်ရာပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားရုံးသို့လည်းကောင်း တင်ပြတိုင်တန်းခွင့်ရှိသည်။

၂၁။ မွေးဖွားသည့် ကလေးသူငယ်အား မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ -

(က) နိုင်ငံတော်အတွင်း မွေးဖွားသည့် ကလေးသူငယ်တိုင်းသည် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ မွေးဖွားခြင်းကိုအခမဲ့ မှတ်ပုံတင်ခွင့်ရှိသည်။

(ခ) မိဘ၊ အုပ်ထိန်းသူသို့မဟုတ်သင့်လျော်သူတစ်ဦးဦးသည်နေထိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာတွင် ကလေးမွေးဖွားပြီးလျှင်ဖြစ်စေ၊ ဆေးရုံသို့မဟုတ် သားဖွားခန်း၌ ကလေးမွေးဖွားပြီးလျှင်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြား၍ မွေးဖွားခြင်းကို မှတ်ပုံတင်ပြီး ယင်းဌာနက ကလေးမွေးဖွားခြင်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) သက်ဆိုင်ရာ အစိုးရဌာနသည် မွေးဖွားသည့် ကလေးသူငယ်နှင့် ကလေးမွေးဖွားခြင်းမှတ်ပုံတင်စာအုပ်တွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

(ဃ) ကလေးမွေးဖွားခြင်းကို မှတ်ပုံတင်ထားခဲ့ခြင်းမရှိသည့်ကိစ္စတွင် ကလေးမွေးဖွားခဲ့ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာဆေးရုံသို့မဟုတ် သားဖွားခန်း၏ တာဝန်ခံပုဂ္ဂိုလ်ကထုတ်ပေးသည့် မွေးစာရင်းသက်သေခံလက်မှတ်ပူးတွဲ၍ဖြစ်စေ ကလေးမွေးဖွားကြောင်းကလေးသူငယ်၏မိဘ၊အုပ်ထိန်းသူသို့မဟုတ်သင့်လျော်သူတစ်ဦးဦးကသက်ဆိုင်ရာအစိုးရဌာနသို့ အကြောင်းကြားပြီး မွေးဖွားမှု မှတ်ပုံတင်ရမည်။ ထိုကလေးမွေးဖွားကြောင်း မှတ်ပုံတင်ခြင်းသည် ကလေးသူငယ်၏အသက်အတွက် သက်သေအထောက်အထားဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ မွေးဖွားကြောင်း မှတ်ပုံတင်သည့် ကလေးသူငယ်တိုင်းသည် နိုင်ငံသားဖြစ်မှုဆိုင်ရာအခွင့်အရေးကို တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် ရရှိစေရမည်။

၂၃။ အမျိုးသားနှင့်အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့်အသက်သည် ၎င်းတို့၏ သက်ဆိုင်ရာတည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်းဖြစ်စေရမည်။ သို့ရာတွင် ထိမ်းမြားလက်ထပ်ခြင်း စာချုပ်ချုပ်ဆို၍ ထိမ်းမြားလက်ထပ်ခြင်းဖြစ်ပါက ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့် အသက်သည် ၁၈ နှစ်ပြည့်ပြီး ဖြစ်ရမည်။

၂၄။ ဤဥပဒေပါ အခွင့်အရေးများကို ကလေးသူငယ်တိုင်း အပြည့်အဝရရှိခံစားနိုင်စေရန် -

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ ကဏ္ဍအလိုက် တတ်နိုင်သမျှအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။

(ခ) စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်၊ လူမှုရေးအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း ဥပဒေနှင့်အညီ မိမိတို့တတ်နိုင်သမျှ ဆောင်ရွက်ပေးနိုင်ခွင့်ရှိသည်။

၂၅။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်ပါရှိသည့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များထက် ကလေးသူငယ်၏ အခွင့်အရေးများကို ပိုမိုဖော်ဆောင်ပေးနိုင်မည်ဆိုပါက ထိုအခြား တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များကို အလေးပေး၍လိုက်နာဆောင်ရွက်ရမည်။

### အခန်း (၈)

### ကလေးသူငယ်ကို မွေးစားခြင်း

၂၆။ မြန်မာနိုင်ငံသားတစ်ဦးဦးသည် ကလေးသူငယ်ကို မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်နိုင်ပါက ကလေးသူငယ်အား သတ်မှတ်ချက်များနှင့်အညီ မွေးစားပိုင်ခွင့်ရှိသည်။

၂၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဤဥပဒေအရမွေးစားခြင်းကို မှတ်ပုံတင်ရန် အလို့ငှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့မှ လူမှုဝန်ထမ်းအရာရှိအသီးသီးကို မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိအဖြစ် တာဝန်ပေးနိုင်သည်။

၂၈။ (က) မြန်မာနိုင်ငံသားတစ်ဦးဦးသည် အောက်ဖော်ပြပါကလေးသူငယ်အား မှတ်ပုံတင်၍ မွေးစားခွင့်ပြုရန် သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည် -

(၁) မိဘမဲ့ကလေးသူငယ်၊

(၂) မိဘက ပြုစုစောင့်ရှောက်နိုင်ခြင်းမရှိသော ကလေးသူငယ် သို့မဟုတ် မိဘကပြုစုစောင့်ရှောက်သော်လည်း ကလေးသူငယ်၏အကောင်းဆုံးအကျိုးစီးပွားများကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသော ကလေးသူငယ်၊

(၃) မိဘသို့မဟုတ်အုပ်ထိန်းသူနှင့်အမြဲတမ်းကွဲကွာနေသည့်အပြင် ဆွေမျိုးသားချင်းကလည်း ပြုစုစောင့်ရှောက်နိုင်ခြင်းမရှိသော ကလေးသူငယ်၊

(၄) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသောအခြား ကလေးသူငယ်။

(ခ) ကလေးသူငယ်ကို မွေးစားလိုသူသည် မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်း အရာရှိထံတွင် မှတ်ပုံတင်၍ မွေးစားခြင်းမပြုဘဲ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်တည်ဆဲ ကိတ္တိမမွေးစားခြင်းဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားနိုင်သည်။

(ဂ) သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည် ပုဒ်မခွဲ (ခ) အရ ကလေးသူငယ် မွေးစားစာချုပ်ကို မှတ်ပုံတင်သည့်အခါ ဤဥပဒေအရ မွေးစားသားသမီးများ၏ အခွင့်အရေးများ ခံစားနိုင်စေရန်အလို့ငှာ မွေးစားစာချုပ်မှတ်ပုံတင်ပြီး ရက်ပေါင်း ၃၀ အတွင်း မွေးစားခြင်း မှတ်ပုံတင်စာချုပ်မိတ္တူနှင့်အတူ သက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံသို့ ပေးပို့အကြောင်းကြားရမည်။

၂၉။ သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိသည် -

(က) ပုဒ်မ ၂၈အရ မွေးစားခွင့်ပြုရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါကမွေးစားခွင့်ပြုသူနှင့်မွေးစားလိုသူအား သတ်မှတ်ချက်များနှင့်အညီ မွေးစားစာချုပ်ချုပ်ဆိုစေပြီး မွေးစားခြင်းကို သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် မှတ်ပုံတင်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်၍ မွေးစားသည့်စာရင်းကိုလည်းကောင်း၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ) အရ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးက ပေးပို့လာသည့် တည်ဆဲကိတ္တိမမွေးစားခြင်းဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မွေးစားသည့်စာရင်းကိုလည်းကောင်း မွေးစားစာချုပ်မိတ္တူများပူးတွဲ၍ လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၃၀။ တည်ဆဲကိတ္တိမမွေးစားခြင်းဆိုင်ရာ အက်ဥပဒေအရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဖြစ်စေ၊ ဤအခန်းပါ ပြဋ္ဌာန်းချက်အရ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံတွင်ဖြစ်စေ ကလေးသူငယ်မွေးစားစာချုပ်ကို မှတ်ပုံတင်၍ မွေးစားသည့် မွေးစားမိဘသည်-

(က) မွေးစားသည့်ကလေးသူငယ်နှင့်စပ်လျဉ်း၍ ပြုစုစောင့်ရှောက်မှုအခြေအနေနှင့်ထိုကလေးသူငယ်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို သတ်မှတ်ချက်များနှင့်အညီသက်ဆိုင်ရာ မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိထံသို့ အစီရင်ခံရမည်။

(ခ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်သော တာဝန်နှင့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) မွေးစားခံရသည့်ကလေးသူငယ်အား မိမိကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးနှင့်ပူးပေါင်း၍သော်လည်းကောင်း ပြည်ပသို့ ခိုးထုတ်ခြင်း၊ ရောင်းဝယ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခြင်း မပြုလုပ်ရ။

၃၁။ သက်ဆိုင်ရာမွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိသည် မွေးစားစာချုပ်ကို မှတ်ပုံတင်ပြီးနောက် မွေးစားမိဘက မွေးစားခြင်းဆိုင်ရာ တာဝန်နှင့် စည်းကမ်းချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းရှိမရှိ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းခြင်း၊ စောင့်ကြည့်ခြင်း၊ လိုအပ်ပါက စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ပြီး သတ်မှတ်ထားသောတာဝန်နှင့် စည်းကမ်းချက်သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက မွေးစားခြင်းကို ပယ်ဖျက်သင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ တင်ပြရမည်။

၃၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် ပုဒ်မ ၃၁ အရ တင်ပြချက်ကို စိစစ်ပြီး မွေးစားခြင်းကို ပယ်ဖျက်သည့်အမိန့် သို့မဟုတ် အခြားသင့်လျော်သော အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်နိုင်သည်။

၃၃။ (က) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက မွေးစားခြင်းကို မှတ်ပုံတင်ပြီးသည့်အခါ မွေးစားခြင်းမပြုမီက မိဘများနှင့် အုပ်ထိန်းသူများတွင် ရှိခဲ့သော အခွင့်အရေးများနှင့် တာဝန်များကိုရုပ်ဆိုင်းပြီး မွေးစားမိဘထံလွှဲပြောင်းပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) မွေးစားကလေးသူငယ်တစ်ဦးသည်မွေးစားမိဘနှင့် သက်ဆိုင်သည့် ဥပဒေသို့မဟုတ် ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မွေးစားမိဘ၏ အခြားသားသမီးများကဲ့သို့ပင် အမွေဆက်ခံရန်အခွင့်အရေးအပါအဝင် တူညီသောအခြားအခွင့်အရေးများ ရရှိစေရမည်။

### အခန်း (၉)

### အခြားနည်းဖြင့်ပြုစုစောင့်ရှောက်ခြင်း

၃၄။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) အခြေအနေ တစ်ရပ်ရပ်ကြောင့် မိရင်းဖရင်းပြုစုစောင့်ရှောက်မှု ဆုံးရှုံးသွားသော သို့မဟုတ်မရရှိသော ကလေးသူငယ်များအား မိရင်းဖရင်း ကိုယ်စားဆွေမျိုးသားချင်းများက ပြုစုစောင့်ရှောက်ခြင်း၊ မိဘ အရင်းသဖွယ်ပြုစုစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်းအခြေပြု ပြုစု စောင့်ရှောက်ခြင်း၊ယာယီစောင့်ရှောက်ရေးဂေဟာတွင်ပြုစုစောင့်ရှောက်ခြင်းစသည့်နည်းလမ်းများ အပါအဝင်အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းပြုနိုင်ရေးကိုဦးစားပေးကာ အစီအမံများချမှတ် ဆောင်ရွက်ရမည်။

(ခ) အဆိုပါ ကလေးသူငယ်များအား မိသားစုပတ်ဝန်းကျင်မှ အမြဲတမ်း ဖယ်ရှားခြင်းသည် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းစေသည့်အခါမှ တစ်ပါးယင်းသို့ဖယ်ရှားခြင်းမှာ ယာယီသာလျှင်ဖြစ်စေပြီး အတိုတောင်းဆုံးသော အချိန်ကာလအတွက်သာ ဖြစ်စေရမည်။

(ဂ) မိသားစုပတ်ဝန်းကျင်မှ ပြုစုစောင့်ရှောက်မှု ဆုံးရှုံးသွားသော ကလေးသူငယ်များအားသင်တန်းကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်းနှင့်ယာယီစောင့်ရှောက်ရေးဂေဟာတွင် ပြုစုစောင့်ရှောက်ခြင်းကို နောက်ဆုံးနည်းလမ်းအနေဖြင့်သာ ကျင့်သုံးရမည်။

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများတွင်ကလေးသူငယ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ပြုစုစောင့်ရှောက်မှုစံနှုန်းများ သတ်မှတ်ပေးရမည်။

(င) အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းအစီအစဉ်အရ ကလေးသူငယ်များအား သင့်လျော်သည့်စောင့်ရှောက်မှုအတွက် နေရာချထားပေးခြင်းကို တာဝန်ယူဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပါဝင်ဆောင်ရွက်စေနိုင်သည်။

(စ) အခြားနည်းဖြင့်ပြုစုစောင့်ရှောက်ခြင်းအစီအစဉ်အရ ကလေးသူငယ်အားသင့်လျော်သည့် စောင့်ရှောက်မှုအတွက် နေရာချထားခြင်းကို ပုံမှန်ပြန်လည်သုံးသပ်ပြီး မိသားစုထံပြန်လည်အပ်နှံနိုင်မည့်ဖြစ်နိုင်ခြေကို အကဲဖြတ်သုံးသပ်ရမည်။

### အခန်း (၁၀)

### အုပ်ထိန်းခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

၃၅။ အုပ်ထိန်းသူများ အပါအဝင် မိဘများသည် ကလေးသူငယ်ကို အုပ်ထိန်းခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းပြုရာတွင်လည်းကောင်း၊ ကလေးသူငယ်က ပိုင်ဆိုင်သော ပစ္စည်းများအား စီမံခန့်ခွဲရာတွင်လည်းကောင်း ကလေးသူငယ်၏အကောင်းဆုံး အကျိုးစီးပွားများနှင့်ကလေးသူငယ်၏အသက်အရွယ်နှင့် ရင့်ကျက်မှုအရ သဘောတူညီချက်ကို အလေးထားထည့်သွင်းစဉ်းစားရမည်။

၃၆။ မိဘနှစ်ပါးသည် -

(က) ကလေးသူငယ်၏ မူလအုပ်ထိန်းသူများ ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) သဘာဝအားဖြင့်ကလေးသူငယ်ကိုကြီးပြင်းလာအောင်ကျွေးမွေး ပြုစုစောင့်ရှောက်ရန်တာဝန်နှင့် ကလေးသူငယ်က ပိုင်ဆိုင်သော ပစ္စည်းများအား စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၃၇။ မိဘနှစ်ဦး ကွဲကွာနေပါက -

(က) ကလေးသူငယ်နှင့် အတူနေထိုင်ပြီး စဉ်ဆက်မပြတ် ဆက်ဆံရေးရှိသော မိခင်သို့မဟုတ်ဖခင်သည်တစ်ဦးတည်းဖြစ်စေ၊ မိဘနှစ်ဦးလုံးက မျှဝေ၍ဖြစ်စေ ကလေးသူငယ်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိစေရမည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို အဓိကထည့်သွင်း စဉ်းစားလျက် မိဘတစ်ဦးဦးဖြစ်စေ၊ မိဘနှစ်ဦးလုံးဖြစ်စေကလေးသူငယ်ကို ကြီးပြင်းလာအောင် ကျွေးမွေးပြုစုစောင့်ရှောက်ရန် တာဝန်နှင့် ကလေးသူငယ်က ပိုင်ဆိုင်သောပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့်ရှိစေရမည်။

၃၈။ ကလေးသူငယ်နှင့် စဉ်ဆက်မပြတ်ဆက်ဆံရေးရှိသော မိဘတစ်ဦးဦး သေဆုံးလျှင် အသက်ရှင်ကျန်ရစ်သောမိခင် သို့မဟုတ်ဖခင်သည် မိဘ၏လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ဆက်လက်ကျင့်သုံးရမည်။

၃၉။ ကလေးသူငယ်ကို အုပ်ထိန်းလိုသော အောက်ပါပုဂ္ဂိုလ် တစ်ဦးဦးသည် အုပ်ထိန်းသူအဖြစ် ခန့်အပ်တာဝန်ပေးသည့်စီရင်ချက်နှင့် ဒီကရီချမှတ်ပေးရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည် -

(က) မိဘများကွဲကွာခြင်း သို့မဟုတ် ကွာရှင်းခြင်းဖြစ်ပွားပြီးနောက် ကလေးသူငယ်ကိုအုပ်ထိန်းလိုသူ၊

(ခ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်ကို ကြီးပြင်းလာအောင်ကျွေးမွေးပြုစုစောင့်ရှောက်ရေးနှင့် ကလေးသူငယ်က ပိုင်ဆိုင်သောပစ္စည်းများကို စီမံခန့်ခွဲရေးအတွက် ကလေးသူငယ်၏အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းမှုကိုလိုလားသော ကလေးသူငယ်အားအုပ်ထိန်းသူ။

*(ဆက်လက်ဖော်ပြပါမည်)*













# မြန်မာသဒ္ဒါသင်ကြားရေး (၁၃)

မောင်ခင်မင်(ဓနုဖြူ)

"မြန်မာသဒ္ဒါရဲ့ပထမပိုင်း- အသံတွေအက္ခရာတွေပေါ့၊ အဲဒီအပိုင်းကိုသင်ကြားရေးမှာ ကျောင်းသားငယ်တွေရဲ့ အသိအမြင်ရှုပ်ထွေးစရာတစ်ခုကို သတိပြုမိလို့ပြောရဦးမယ်"

"ပြောပါဆရာ"

"ပဉ္စမတန်းမှာသင်ရတဲ့ မြန်မာသဒ္ဒါစာအုပ်မှာ 'အက္ခရာ (၂)မျိုး' ဆိုပြီး ပြထားတဲ့အပိုင်းကို သတိထား မိသလား"

"သတိထားမိပါတယ်ဆရာ။ သရအက္ခရာနဲ့ဗျည်းအက္ခရာဆိုပြီး(၂)မျိုးခွဲပြထားတာပါ"

"ဟုတ်ပါပြီ သရအက္ခရာဘယ်နှလုံးကိုပြသလဲ"

"အင်း....မြန်မာဘာသာမှာ သရအက္ခရာကို (၂) မျိုးခွဲပြထားပါတယ်ဆရာ။ အခြေခံသရ နဲ့သင်ရိုးသရပါ"

"အခြေခံသရက ဘယ်နှလုံးရှိသလဲ၊ ဘာတွေလဲ"

"အခြေခံသရ (၁၁)လုံးရှိပါတယ်ဆရာ။ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို ပါဆရာ"

"သင်ရိုးသရကရော"

"သင်ရိုးသရ (၁၂)လုံး ရှိပါတယ်ဆရာ။ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား ပါဆရာ"

"ကဲ ညည်းကို ဆရာမတစ်ယောက်အနေနဲ့ ကျောင်းသားတွေက မေးတယ်ဆိုပါတော့။ အဲဒီလို သရ (၂) မျိုးဘာဖြစ်လို့ ကွဲနေတာလဲလို့မေးရင် ဘယ်လိုဖြေမလဲ"

"ဟုတ်ကဲ့အခြေခံသရ (၁၁)လုံးဆိုတာက ရှေးကမြန်မာစကားအကြောင်း ရေးသားခဲ့တဲ့ ကျမ်းတွေမှာပြတဲ့ အခြေခံကျတဲ့သရတွေလို့ မှတ်သားရပါတယ်ဆရာ။ သင်ရိုးသရ (၁၂) လုံးကတော့ ရှေးကသင်ပုန်းကြီး သင်တဲ့အခါမှာ သုံးတဲ့သရတွေပါ။ မွန်စကားရဲ့သရအစီအစဉ်လို့ မှတ်သားရပါတယ်ဆရာ"

"ညည်းက ကျောင်းသားတွေကို အဲဒီလို ရှင်းပြတယ်ဆိုပါတော့"

"ဟုတ်ကဲ့။ ကျွန်မလေ့လာထားသလောက်ရှင်းပြတာပါဆရာ"

"ဟုတ်ပါပြီ။ ကောင်းပါတယ်။ ညည်းကလေ့လာထားတဲ့ ဆရာမဆိုတော့ ရှင်းပြနိုင်တာပေ့ါ။ သဒ္ဒါစာအုပ်ထဲမှာ အကျယ်ရှင်းပြမထားတော့ ညည်းလိုလေ့လာမထားတဲ့ ဆရာ ဆရာမတွေဆိုရင် အဲဒီလိုရှင်းပြနိုင်မယ်မထင်ဘူး"

"ဟုတ်ကဲ့ပါ"

"ကဲ...သရ (၁၁)လုံးမှာ 'အို' ပါတယ်။ သရ (၁၂) လုံးကျတော့ 'အို' မပါဘဲ 'အံ၊ အား' ပါနေတယ်။ ဘာဖြစ်လို့ အဲဒီလိုနှစ်မျိုးဖြစ်နေရတာလဲလို့သိချင်တဲ့ ကျောင်းသားကမေးရင် ဘယ်လိုပြောရမလဲ"

"အဲဒါတော့ မဖြေတတ်ပါဘူးဆရာ"

"အရင်တစ်ပတ်က ပြောကြတဲ့သဒ္ဒဗျူဟာကျမ်းမှာတော့ ပါဠိသရ(၈)လုံးကစပြီးပြတယ်။ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ ပေ့ါ။ အဲဒါကိုမြန်မာတွေက 'အဲ' ရယ်'ဪ'ရယ်ထည့်ပြီး မြန်မာသရ(၁၀)လုံးကိုပြတယ်။ နောက်ထပ်'အို'ထည့်ပြီး မြန်မာသရ (၁၁)လုံးလို့လည်းပြတယ်။ ပြီးတော့မွန်ဘာသာ ဆီကယူတဲ့ သင်ရိုးသရ (၁၂)လုံးပေ့ါ"

"ဪ ဟုတ်ကဲ့ပါ"

"အခုမြန်မာသဒ္ဒါမှာ အဲဒီသရတွေကိုပြတာပဲ။ ဒါလည်း ပဉ္စမတန်း ကျောင်းသားကလေးတွေအတွက် မခက်ဘူးလား"

"ခက်တာပေ့ါ ဆရာရယ်"

"အရေးကြီးတာက ပဉ္စမတန်းကျောင်းသားတစ်ယောက် တတ်ထားတဲ့ မြန်မာဖတ်စာတွေထဲက မြန်မာသရတွေနဲ့ ခုမြန်မာသဒ္ဒါမှာ သင်ရတဲ့ မြန်မာသရတွေနဲ့ ကွဲပြားနေတယ်။ ဒီတော့ ကျောင်းသားတွေအနေနဲ့ ရှုပ်ထွေးစရာရှိတာပေ့ါ"

"ဟင်... ဘယ်လိုကွဲပြားတာပါလဲဆရာ"

"စဉ်းစားကြည့်လေ။ ကျောင်းသားတစ်ယောက်ဟာ ပထမတန်း၊ ဒုတိယတန်း မြန်မာဖတ်စာတွေမှာ ဗျည်းတွေ၊ သရတွေ အကုန်သင်ခဲ့ပြီးပြီ။ ဗျည်းကတော့ (၃၃)လုံးပါပဲ။ မြန်မာသဒ္ဒါမှာလည်း ဗျည်း (၃၃)လုံးလို့ပဲပြတာ။ သရကျတော့ ကဲ..မင်းတို့ကလေးတွေကျောင်းမှာ စာသင်တော့ ဘယ်လိုသင်ရသလဲဟင်"

"အ-အာ-အား၊ အိ-အီ-အီး၊ အု-အူ-အူး၊ အေ-အေ့-အေး..... အဲဒီလိုသရ(၃) သံစီတွဲပြီး သင်ရပါတယ်ဆရာ"

"ဟုတ်တယ်လေ။ ဗျည်းနဲ့တွဲတော့လည်း က-ကာ-ကား၊ ကိ-ကီ-ကီး ဆိုတာမျိုး (၃)သံစီတွဲပြီး သင်ရတာမဟုတ်လား။ အသတ်တွေကိုလည်း 'အန်-အန့်-အန်း၊ ပန်-ပန့်-ပန်း' ဆိုပြီး (၃)သံတွဲပဲ သင်ရတာပဲ"

"ဟုတ်ပါတယ် ဆရာ"

"ကဲ... ဒီတော့ အဲဒီလို(၃)သံတွဲ သရတွေသင်ပြီး ပဉ္စမတန်းရောက်လာတဲ့ ကျောင်းသားဟာ မြန်မာသဒ္ဒါသင်တော့ 'အ-အာ၊ ဣ-ဤ၊ ဥ-ဦ ဆိုပြီး (၂)သံတွဲတွေပဲသင်ရတော့ 'အား'တို့၊ 'အီး'တို့၊ 'အူး'တို့ ဝစ္စပေါက်သံတွေ မပါတော့ဘူးလေ။ ဒီတော့ပဉ္စမတန်းကလေးတစ်ယောက်ရဲ့ ဦးခေါင်းထဲမှာ ရှုပ်ထွေးစရာဖြစ်မသွားဘူးလား"

"ဟုတ်တယ်နော်ဆရာ"

"တကယ်တော့ အဲဒီ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ ဆိုတဲ့ အတွဲတွေက ပါဠိသရအစဉ်အတိုင်းပြထားတာ၊ ပါဠိမှာ အားတို့၊ အီးတို့၊ ဝစ္စပေါက်မှ မရှိဘဲ။ မွန်တွေရဲ့ သင်ရိုးသရကျတော့မှ အဆုံးမှာ အံ၊ အားဆိုပြီး ဝစ္စပေါက်ပါတာလေ။ မြန်မာဖတ်စာမှာ သင်ရတဲ့ သရအစဉ်ကတော့ မြန်မာစကားရဲ့ တက်ကျသံ (tone) ၃ သံ အစီအစဉ်အတိုင်းဖော်ပြထားတာလေ။ ပြည့်စုံတာပေ့ါ"

"ဟုတ်ကဲ့ပါ။ အဲဒီတော့ ဘယ်လိုလုပ်သင့်တယ်လို့ထင်ပါသလဲဆရာ"

"ကလေးတွေက မြန်မာဖတ်စာထဲက သရစဉ်ကို အတန်းငယ်ကတည်းက သင်ခဲ့ရတာလေ။ အခြေခံလည်းကျတယ်။ ဒီတော့ ကျောင်းသုံးမြန်မာသဒ္ဒါတွေမှာလည်း အသံအကြောင်း၊ အက္ခရာအကြောင်းထည့်ရင် အဲဒီသရစဉ်အတိုင်းပဲ အ၊ အာ၊ အား၊ အိ၊ အီ၊ အီး ဆိုတာမျိုးထည့်မှ ရှေ့နောက်ညီညွတ်ပြီးရှင်းရှင်းလင်းရှိမှာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"တစ်ဆက်တည်းပဲ၊ ဆဋ္ဌမတန်းမြန်မာသဒ္ဒါမှာ ဖော်ပြထားတဲ့ 'ဝဂ်' ဆိုတဲ့ အခန်းက 'ဝဂ်ဗျည်း'၊ 'အဝဂ်ဗျည်း'၊ 'ဝဂ္ဂန္တဗျည်း' ဆိုပြီး ခွဲခြားပုံကိုကြည့်ရအောင်။ အဲဒီခွဲပုံကတော့ မင်းတို့သိတဲ့အတိုင်း ပါဠိသဒ္ဒါတွေမှာခွဲတဲ့ ခွဲပုံပဲ။ ဝဂ်ဆိုတဲ့ 'ဝဂ္ဂ' ဆိုတဲ့ပါဠိစကား၊ 'အစု'လို့အဓိပ္ပာယ်ရတယ်။ 'အဝဂ်'ဆိုတာ အ-အက္ခရာပါတဲ့ ဝဂ်လို့ထင်စရာရှိတယ်။ အဲဒီ 'အ'က မြန်မာစကားမဟုတ်ဘူး၊ ပါဠိစကားလေ"

"ဪ... ဟုတ်ကဲ့၊ 'အ'ဆိုတာ ပါဠိမှာ 'မဟုတ်ပြစကား' မဟုတ်လား ဆရာ"

"ဟုတ်တယ်လေ။ 'အ'က မဟုတ်ပြတာပေ့ါ။ ဗုဒ္ဓတရားတော်မှာ လောဘ-အလောဘ၊ ဒေါသ အဒေါသ၊ မောဟ-အမောဟဆိုတဲ့ အသုံးတွေသာဓကပြနိုင်သားပဲ။ အလောဘဆိုတာ လောဘမရှိခြင်းပေ့ါ"

"ဒီတော့ ' အဝဂ်'ဆိုတာ ဝဂ်မဟုတ်ဘူးလို့ဆိုလိုတာ။ ရှေ့က 'ဝဂ်'အက္ခရာတွေက ငါးလုံးတစ်ခုစုပြီး ရှေ့ဆုံးအက္ခရာနာမည်တပ်ပြီးတော့ က-ဝဂ်၊ စ-ဝဂ်၊ ဋ-ဝဂ်၊ တ-ဂ်၊ ပ-ဝဂ်ဆိုပြီး ၂၅ လုံးပြတာ။ အသံချင်းနီးလို့၊ ဌာန်တူလို့ ငါးလုံးစီစုတာလေ။ 'ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ'ကျတော့ အဲဒီလိုစုလို့မရလို့ အဝဂ်လို့ခေါ်တာ"

"'ဝဂ္ဂန္တ' လည်းရှိသေးတယ်နော်ဆရာ"

"ဟုတ်တယ်၊ ဝဂ္ဂန္တက ဝဂ်ရဲ့အဆုံးအက္ခရာလို့ဆိုလိုတာ။ ဝဂ်တွေရဲ့အဆုံး 'င၊ ည၊ ဃ၊ န၊ မ 'ဆိုတဲ့ (၅)လုံးပေ့ါ။ ဝဂ္ဂက 'ဝဂ်'၊ ဂန္တက 'အဆုံး' ဆိုတော့ ဝဂ်ရဲ့အဆုံး၊ တစ်နည်းအားဖြင့် (၅) လုံးတစ်စု စုထားတဲ့အစုတစ်စုစီရဲ့အဆုံးအက္ခရာပေ့ါကွယ်"

"အခုဆရာရှင်းပြမှ ရေလည်သွားပါတယ်ဆရာ"

"အေး...အဲဒီအဓိပ္ပာယ်တွေ ဆရာ ဆရာမက အရင်လေ့လာမထားဘဲ ကလေးတွေကို သင်ရင်တော့ ကလေးတွေ ဘယ်နား လည်နိုင်ပါ့မလဲ။ နားမလည်တော့လည်း ထုံးစံအတိုင်း အလွတ်ကျက်မှာပေ့ါကွယ်"

"ဟုတ်တယ်နော်ဆရာ"

"ဗျည်းအကြောင်းပြီးတော့ သရအကြောင်းကို သတ္တမတန်းသဒ္ဒါမှာ ဆက်တယ်မဟုတ်လား။ ဒီမှာကြည့်လေ"

"ဪ....ဟုတ်တယ်ဆရာ ရဿသရနဲ့ ဒီဃသရတဲ့"

"ဟုတ်တယ် ရဿသရဆိုတာ သံတိုသရ၊ ဒီဃသရဆိုတာ သံရှည်သရပေ့ါ။ ဒါလည်း ပါဠိသဒ္ဒါတွေမှာ ခွဲပုံပဲ၊ ရဿကအတို ဒီဃကအရှည်ပေ့ါ"

"ဟုတ်ကဲ့"

"သရတွေမှာ အ၊ ဣ၊ ဥ (၃) လုံးကို ရဿသရလို့ခေါ်တယ်။ ကျန်တဲ့သရတွေကို ဒီဃသရလို့ ခေါ်တယ်။ သရတွေကို တိုင်းတာတဲ့ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ လက်ဖျစ်တစ်တွက် ဆိုတဲ့ အတိုင်းအတာကလည်း 'မတြာ' လို့ အဓိပ္ပာယ်ဖွင့်ထားတာ။ 'မတြာ' က သက္ကတစကား။ ပါဠိလိုတော့ 'မတ္တ' ပေ့ါ"

"ရှင်းပြပါဦးဆရာ"

"ရဿသရ ဆိုတဲ့ သရတို့ကို ရွတ်ဆိုရင် တစ်မတြာကြာတယ်။ ဒီဃသရဆိုတဲ့ သရရှည်ကို ရွတ်ဆိုရင် နှစ်မတြာကြာတယ်လို့ ပါဠိသဒ္ဒါကျမ်းတွေမှာပြတယ်လေ။ ဒီတော့-အခုခေတ်ကလေးတွေကို သင်တဲ့သဒ္ဒါတွေမှာ ရှေးကပါဠိသဒ္ဒါတို့ ပါဠိဆန်ဆန်ရေးထားတဲ့ မြန်မာသဒ္ဒါတွေမှာသုံးတဲ့ ပါဠိဝေါဟာရတွေကိုသုံးထားတာဟာ အဓိပ္ပာယ်အနေနဲ့ မှန်ပေမယ့် အသုံးအနှုန်းခက်တာမို့ သင်ရတာထိရောက်မှာ မဟုတ်ဘူးလေ။ ကလေးတွေလည်း သူတို့အသက်အရွယ်နဲ့ နားလည်မှာ မဟုတ်ဘူး။ ဒါတွေက သဒ္ဒါသင်ကြားရေးမှာ စဉ်းစားစရာပေ့ါ ကွယ်"

"ဟုတ်ကဲ့ပါ"



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဇူလိုင်လဒုတိယပတ်က ပြည်မြို့ပြည်လူငယ့်ရိပ်မြုံ၌ ပြုလုပ်ရာ ထူးချွန်သည့် သင်တန်းသူသုံးဦးကို အခြေခံစက်ချုပ်အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အပ်ချုပ်စက်တစ်လုံးစီနှင့် ဆက်စပ်ပစ္စည်းများ ဆုချီးမြှင့်စဉ်
မောင်ရွှေဝင်း(ပြည်)

## ချေးငွေအစောဆုံးပေးအပ်သည့် အသင်းများအား စွမ်းဆောင်ရည်ဆုချီးမြှင့်

**အောင်လံ ဇူလိုင် ၁၅**

အောင်လံမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၂၃၈ သင်းသို့ အဋ္ဌမအကြိမ်မြောက်ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လဒုတိယပတ်က မြို့နယ်သမဝါယမအသင်းစုရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ဆွေနှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးညွန့်မောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်က ချေးငွေထုတ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် China Exim Bank က ပံ့ပိုးချေးငွေကျပ်သိန်း ၂၀၆၆၀ ဒသမ ၇၅၈ ကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်က အသင်းများကိုယ်စား မြင့်ဦးကျေးရွာ လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းဥက္ကဋ္ဌ ဦးဘသွယ်အားပေးအပ်ခဲ့သည်။

ချေးငွေထုတ်ချေးရာတွင် ချေးငွေပေးဆပ်မှု အစောဆုံးပေးအပ်နိုင်သည့် အသင်းများဖြစ်ကြသည့် နီတပင်ကျေးရွာ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၊ လက်ပံကန်ကျေးရွာ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၊ လုံတင်ကျေးရွာ "ဘိုးရာဇာ"လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း၊ မြို့မအခြေစိုက် တန်ဘိုးကျေးရွာ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတို့အား မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ဆွေနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးညွန့်မောင်တို့က စွမ်းဆောင်ရည်ဆုများကို အသင်းဥက္ကဋ္ဌများထံသို့ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

## မင်းလှအထက၌ ရေနှင့်ပြည်သူ ပူးပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မင်းလှ ဇူလိုင် ၁၅** - မကွေးတိုင်းဒေသကြီး မင်းလှမြို့ အထက်တန်းကျောင်း၌ ဇူလိုင်လဒုတိယပတ်က ရဲနှင့် ပြည်သူပူးပေါင်း၍ ကျောင်းဝင်းအတွင်းအပြင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

အဆိုပါ အထက်တန်းကျောင်း၌ မိုးတွင်းကာလတွင်ခြင်များမခိုအောင်းနိုင်စေရန် မင်းလှမြို့နယ်မှူး ရဲမှူးထင်အောင်လင်းနှင့် ဒုတိယမြို့နယ်မှူးဒုတိယရဲမှူး သိန်းဆန်းဦး ဦးဆောင်၍ မြို့နယ်မှူးရုံးမှရဲတပ်ဖွဲ့ဝင်များ၊ မြို့မစခန်းမှူးဒုတိယရဲမှူးမျိုးမြင့်ဦး ဦးဆောင်သောရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ ရုံးတောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းမိုးနှင့်ရပ်ကွက်သူရပ်ကွက်သားများ၊ ရုံးမြောက်ပိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းဦးနှင့်ရပ်ကွက်နေပြည်သူများသည် အထကကျောင်းဝင်းအတွင်းအပြင်ရှိ ခြင်များခိုအောင်းနိုင်သောနေရာများကို ရှင်းလင်းခြင်းနှင့်ရေဝပ်နိုင်သောနေရာများကို မြေဖို့ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။
**စစ်ကြည်(စလင်း)**

## အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ရွှေဂျော့

### သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

ရွှေဂျော့ဆိုတာ စက်ရုံအလုပ်သမားတွေအားလုံးကိုယ်စီဖုန်းထဲမှာ ဆောင်ထားသင့်တဲ့ ဖုန်းအက်ပလီကေးရှင်းတစ်ခုဖြစ်ပါတယ်။ စက်ရုံအလုပ်သမားတွေရဲ့ လက်စွဲလို့လည်း ပြောနိုင်သလို မေးလိုရာမေး သိလိုရာ ဖြေပေးနေတဲ့ အက်ပလီကေးရှင်းတစ်ခုပါ။

**Smart Myanmar ရဲ့မွေးဖွားမှု**

ရွှေဂျော့ကို မွေးဖွားပေးလိုက်တဲ့ အဖွဲ့အစည်းက မြန်မာနိုင်ငံ အထည်အလိပ်လုပ်ငန်းတွေမှာ နည်းစနစ်တကျ သင်ကြားပေးတာ၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပေးတာ၊ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တာတွေ အစဉ်တစိုက် ပြုလုပ်ပေးနေတဲ့ Smart Myanmar စီမံကိန်းလက်တက်တစ်ခုဖြစ်ပါတယ်။ ဥရောပပြည်ထောင်စုနဲ့ ဂျာမနီ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ GIZ တို့ရဲ့ ကူညီပေးမှုနဲ့ ဆောင်ရွက်တာ ဖြစ်ပါတယ်။

အဓိကစွမ်းဆောင်ချက်တွေကတော့ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မျှတသည့် အခွင့်အရေးနဲ့ အလုပ်သမားဥပဒေတွေ၊ အလုပ်သမားတာဝန်ဝတ္တရားတွေ၊ အလုပ်ရှင်တွေရဲ့ ဝတ္တရားတွေ၊ တိုင်တန်းမှုစနစ်တွေနဲ့ လုပ်ခလစာစတဲ့ ကိစ္စရပ်တွေအတွက် ဗဟုသုတရဖွယ်အချက်အလက်တွေနဲ့ သိလိုတဲ့ အကြောင်းတွေကို ဖြေကြားပေးတာ၊ ပညာပေးတာတွေ လုပ်ဆောင်ပေးပါတယ်။

“ရွှေဂျော့ အက်ပလီကေးရှင်းက စက်မှုဇုန်လုပ်သားတွေတင် မကပါဘူး။ မြန်မာနိုင်ငံအရပ်ရပ်က အလုပ်သမားတွေအားလုံးနဲ့ အကျုံးဝင်ပြီး လေ့လာကြည့်ရှုနိုင်ပါတယ်။ လုပ်ငန်းခွင်နဲ့ ပတ်သက်လာရင် အလုပ်သမားအများစုက တောင်းဆိုသင့်တာတွေ နားမလည်ကြဘူး။ အခွင့်အရေးတွေကိုလည်း တိတိကျကျမသိကြဘူး။ ဘယ်လိုနည်းနဲ့ မိမိတောင်းဆိုလိုတာကို ဖော်ထုတ်မလဲ ဆိုတာကိုလည်း မသိကြဘူး။ မိမိလုပ်ငန်းခွင်ဟာ ဘေးအန္တရာယ် ကင်းရှင်းရဲ့လား ဆိုတာကိုလည်း တိတိကျကျ မသိကြဘူး။ အလုပ်သမားအခွင့်အရေးနဲ့ ရပိုင်ခွင့်တွေရနေရဲ့လား၊ လုပ်ခလစာညီညွတ်မျှတရဲ့လား၊ ကိုယ့်အလုပ်ရှင်အတွက်ရော ကိုယ်ဟာ ကောင်းမွန်တဲ့ ပံ့ပိုးပေးသူဖြစ်ရဲ့လား ဆိုတာတွေနဲ့ ခွင့်ခံစားခွင့်၊ အချိန်ပိုခံစားခွင့်စတဲ့ အလုပ်သမားကိစ္စရပ်တွေမှာ နိုင်ငံတကာ အလုပ်သမားဥပဒေတွေ၊ နည်းဥပဒေတွေ၊ မြန်မာနိုင်ငံရဲ့ အလုပ်သမားတွေနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေအားလုံးနဲ့ ကိုက်ညီဖော်ပြထားတာကြောင့် အလုပ်သမားတိုင်းအတွက် အထောက်အကူ ဖြစ်စေမယ်လို့ ”Smart Myanmar က တာဝန်ရှိတွေက ရှင်းပြပါတယ်။

**အချိန်ပိုအတွက် ဘယ်လောက်ရမလဲ**

အက်ပလီကေးရှင်းအတွင်းမှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်အကြောင်း သိကောင်းစရာတွေ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မူဝါဒတွေ သက်ဆိုင်ရာ အထောက်အထားတွေကို ဖော်ပြပေးထားပြီး အလုပ်ရှင်နဲ့ အလုပ်သမားအကြား တရားဝင်အဆက်အသွယ်ဖြစ်စေဖို့ တစ်ဦးချင်း အလုပ်သမားတိုင်း ချုပ်ဆိုကြရမှာဖြစ်ပါတယ်။ စာချုပ်မှာ အလုပ်ရှင်နဲ့အလုပ်သမားအကြား အပြန်အလှန် ကတိကဝတ်တွေကို တိတိကျကျ ထည့်သွင်းရတာဖြစ်တဲ့



အထည်ချုပ်လုပ်ငန်း၌ ဝန်ထမ်းတစ်ဦး အထည်ချုပ်လုပ်နေစဉ်

အပြင် အစမ်းခန့် ကာလကတော့ ဥပဒေအရ သုံးလထက်ကျော်လွန်လို့မရပါဘူး။ လုပ်ခလစာဝင်ငွေကိုလည်း နေ့စဉ်အလုပ်ချိန် ၈ နာရီအတွင်းမှာ အနည်းဆုံးငွေကျပ် ၃၆၀၀ ရရမယ်လို့ သိရပါတယ်။

အလုပ်သမားဥပဒေအရ အလုပ်သမားတွေရဲ့ အလုပ်ချိန်တွေဟာ တစ်ပတ်ကို ၄၄ နာရီထက် ပိုလို့မရဘဲ အချိန်အတိုင်းအတာ ကျော်လွန်ရင်တော့ လုပ်ခနှစ်ဆကို တောင်းခံရမှာဖြစ်ပါတယ်။ အနည်းဆုံး တစ်နာရီအတွက် ငွေ ၉၀၀ နှုန်းနဲ့ တောင်းဆိုနိုင်ပါတယ်။ ဥပဒေအရ အလုပ်ချိန် ၈ နာရီခွင့်ပြုထားပေမယ့်လည်း အချိန်ပိုကြေးမှာ အလုပ်ရှင်နဲ့ အလုပ်သမားတွေ ကျေနပ်ရမှာအပြင် အလုပ်သမားဥပဒေတွေနဲ့လည်း ကိုက်ညီဖို့ လိုပါတယ်။

စာချုပ်တွေထဲမှာ နားရက်၊ ပိတ်ရက်တွေ၊ အချိန်ပိုတွေကို ထည့်ထားရမှာဖြစ်ပြီး အလုပ်ချိန်အတွင်းမှာ နေရာထိုင်ခင်း၊ အစားအသောက်၊ ဆေးဝါးကုသစရိတ်၊ ကြိုပို့ကိစ္စရပ်တွေနဲ့ ခွင့်အကြောင်းအရာတွေ၊ အလုပ်ရပ်စဲတာ၊ ထုတ်ပယ်တာ၊ စာချုပ်ပျက်ပြယ်တာစတဲ့ အကြောင်းအရာတွေကိုလည်း အလုပ်သမားတွေအနေနဲ့ စိစစ်သင့်ပါတယ်။

**ချေးငွေမကျေရင်အလုပ်ထွက်လို့ရသလား**

လုပ်ခလစာတွေကိုလည်း ၂၀၁၆ ခုနှစ် လုပ်ခလစာအက် ဥပဒေအရ အလုပ်သမားတွေကို လဆန်းငါးရက်အတွင်း မဖြစ်မနေပေးချေကြရမှာဖြစ်သလို အလုပ်ထွက်တာဖြစ်စေ၊ အလုပ်ထုတ်ပယ်တာဖြစ်စေ လုပ်ခလစာကို နှစ်ရက်အတွင်း အလုပ်သမားထံပေးချေရမှာဖြစ်ပါတယ်။

ချေးငွေယူထားပေမယ့် အလုပ်ထွက်မယ်ဆိုရင် အလုပ်သမားကို အလုပ်ထွက်ခွင့် မဖြစ်မနေပြုရမှာဖြစ်ပေမယ့် ဝန်ထမ်းဟောင်းအနေနဲ့လည်း ကိုယ်ယူထားတဲ့ ကြွေးကို ပြန်လည်ဆပ်ဖို့ကတော့ တာဝန်ရှိပါတယ်။ ဒါ့အပြင် မှတ်ပုံတင်ကတ်ပြားကို သိမ်းဆည်းခြင်း၊ လုပ်ခလစာကို အပြတ်ရှင်း မပေးခြင်းတွေကလည်း ဥပဒေနဲ့ ငြိစွန်းတယ်ဆိုတာ စက်ရုံလုပ်သားအများစု သိရှိဖို့လိုအပ်ပါတယ်။ အဲလို သိမ်းဆည်းထားသူ စက်ရုံပိုင်ရှင်တွေနဲ့ မန်နေဂျာတွေကို ထောင်ဒဏ်ဒါမှမဟုတ် ငွေဒဏ်ချမှတ်ခံရနိုင်ပါတယ်။ အလုပ်ရှင်တွေဆီမှာ မိမိရဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်းနဲ့ ကိုယ်ရေးအထောက်အထားတွေကို အကြာကြီးပေးထားဖို့မလိုအပ်ပါဘူးဆိုတာကို ဖော်ပြထားပါသေးတယ်။

**စက်ပစ္စည်းကိုင်တွယ်ရာ ဘေးကင်းရဲ့လား**

ရွှေဂျော့ အက်ပလီကေးရှင်းရဲ့ကဏ္ဍတစ်ခုဖြစ်တဲ့ စက်ပစ္စည်းကိုင်တွယ်ရာမှာ ဘေးကင်းစေဖို့ လမ်းညွှန်ချက်တွေဟာလည်း စက်မှုဇုန်၊ စက်ရုံ၊ အလုပ်ရုံလုပ်သားတွေအတွက် အထောက်အကူကောင်းတစ်ခုဖြစ်ပါတယ်။ အပ်ချုပ်စက်၊ ဖြတ်စက်၊ ဘွိုင်လာ၊ မီးစက်၊ ဝန်ချီစက်အစရှိတဲ့ စက်ပစ္စည်းတွေကို ဘေးကင်းစွာ ကိုင်တွယ်နိုင်ဖို့ သတိပေးချက်တွေကိုလည်း တွေ့ရပါတယ်။ ထို့အပြင် မီးဘေး၊ လျှပ်စစ်မီးဘေး၊ အရေးပေါ် ရှေးဦး



Smart Myanmar မှ အထည်ချုပ်အလုပ်သမားများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းပို့ချနေစဉ်

သူနာပြုနည်း၊ ဓာတုအဆိပ်မသင့်အောင် နေထိုင်နည်း၊ အန္တရာယ်နှင့်လွတ်ကင်းရာ ရှောင်တိမ်းနည်း၊ ကုန်ထုတ်စွမ်းအား အတက်အကျနှင့် အလုပ်သမားများ သက်သောင့်သက်သာရှိစေတဲ့ နည်းလမ်း၊ မတော်တဆဖြစ်နိုင်ခြေတွေကို ဖော်ပြပေးထားပါတယ်။

**အလုပ်သမားသမဂ္ဂ**

၂၀၁၁ခုနှစ် အလုပ်သမားအဖွဲ့ဆိုင်ရာ ဥပဒေနဲ့ ၂၀၁၂ခုနှစ် အလုပ်သမားအဖွဲ့ဖွဲ့ခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းတွေအရ အလုပ်သမားအဖွဲ့ (အလုပ်သမားသမဂ္ဂ) အနေနဲ့ အသင်းစည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ရာမှာပဲဖြစ်ဖြစ်၊ ကိုယ်စားလှယ်ရွေးကောက်တင်မြှောက်တဲ့နေရာမှာဖြစ်ဖြစ်၊ ခေါင်းဆောင်တင်မြှောက်ရာမှာဖြစ်ဖြစ် လုပ်ငန်းတာဝန်အကောင်အထည်ဖော်တဲ့အခါ လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပြီး အလုပ်သမားသမဂ္ဂအနေနဲ့ ဥပဒေပါ ခံစားခွင့်တွေကို ဝန်ထမ်းတွေကိုယ်စား အလုပ်ရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးခွင့်ရှိပါတယ်။ ဒါတွေက ဥပဒေနဲ့ အညီ ဆောင်ရွက်နိုင်တဲ့ အပိုင်းဖြစ်ပါတယ်။

အလုပ်သမားသမဂ္ဂဝင်တစ်ဦးဦးက အလုပ်သမားသမဂ္ဂလှုပ်ရှားမှုမှာ ပါဝင်တဲ့အတွက် အလုပ်ကနေ ထုတ်ပယ်တယ်လို့ ယူဆရင် သမဂ္ဂအနေနဲ့ ပြန်ခန့်ပေးဖို့ တောင်းဆိုလို့ရပါတယ်။ အငြင်းပွားစရာကိစ္စတွေ ကြုံလာတဲ့အခါမှာ အလုပ်သမားသမဂ္ဂအနေနဲ့ အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေတဲ့အဖွဲ့ဆီကို ကိုယ်စားလှယ်တွေ စေလွှတ်နိုင်သလို အလုပ်သမားအဖွဲ့ကိုယ်စားလှယ်အနေနဲ့လည်း အစိုးရက အလုပ်ရှင်နဲ့ တိုင်ကြားတဲ့ အလုပ်သမားကြား ဝင်ဖြေရှင်းတဲ့အခါတွေမှာလည်း ပါဝင်ဆွေးနွေးနိုင်တယ်လို့ သိရပါတယ်။ အဓိကကတော့ အလုပ်သမားသမဂ္ဂဟာ အလုပ်ရှင်နဲ့ အလုပ်သမားကြားက ပေါင်းကူးတံတားတွေဖြစ်ပါတယ်။

**စာတိုက်ပုံးလေးတွေ၊ တနင်္ဂနွေ ကဖေးတွေကို အသုံးပြုပါ**

အလုပ်သမားတွေအနေနဲ့ မကျေနပ်ချက်တွေကို ဖော်ပြဖို့ အကောင်းဆုံးနည်းလမ်းက စာတိုက်ပုံးလေးတွေ ဖြစ်ပါတယ်။ စာတိုက်ပုံးလေးတွေကို ဘယ်သူထည့်သွားမှန်းမသိနိုင်တဲ့နေရာမျိုးမှာ ထားပေးရင် အကောင်းဆုံးပါပဲ။ အဲဒီစာတိုက်ပုံးလေးတွေရဲ့ ယုံကြည်စိတ်ချရမှုကတော့ အလုပ်သမားကိုယ်စားလှယ်တွေ၊ အလုပ်ရှင်တွေရဲ့ ရိုးဖြောင့်မှန်ကန်မှုအပေါ်မှာ မူတည်ပါတယ်။ အလုပ်သမားတွေအနေနဲ့ လုပ်ခလစာနဲ့ ပတ်သက်လို့ဖြစ်ဖြစ် အလုပ်ထဲမှာ မတရားသဖြင့် ကြုံတွေ့ရတဲ့ ကိစ္စနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် စာတိုက်ပုံးကို အသုံးပြုနိုင်ပါတယ်။ ဒီအတွက် အလုပ်သမားသမဂ္ဂနဲ့ အလုပ်ရှင်တွေက အလုပ်ခွင်ဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီကို အကူအညီတောင်းပြီး ဖြေရှင်းပေးရမှာဖြစ်တယ်လို့ သိရပါတယ်။

စာပို့တာအပြင် အလုပ်သမားတွေရဲ့ ခံစားချက်တွေကို ရင်ဖွင့်ဖို့ နည်းလမ်းအသစ်တစ်မျိုးရှိလာပါပြီ။ အဲဒါကတော့ Sunday Café လို့ ခေါ်တဲ့ အထည်ချုပ်အလုပ်သမားတွေ စုပေါင်းတွေ့ဆုံတဲ့နေရာလေးတွေပါ။ အထည်ချုပ်အလုပ်သမားတွေအပြင် အခြားစက်ရုံအလုပ်သမားတွေအနေနဲ့လည်း စုပေါင်းတွေ့ဆုံတာတွေကို လုပ်ဆောင်သင့်ပါတယ်။

Sunday Café တွေမှာ မြန်မာနိုင်ငံ အလုပ်သမားဥပဒေနဲ့ သက်ဆိုင်တဲ့ အကူအညီတွေတောင်းခံတာ၊ မေးခွန်းတွေမေးတာ၊ အကြံဉာဏ်တွေရယူတာ၊ အတွေ့အကြုံတွေဖလှယ်တာမျိုး လုပ်ဆောင်နိုင်တယ်လို့ ရွှေဂျော့က လမ်းညွှန်ထားပါတယ်။ အထက်က အကြောင်းအရာတွေအပြင် စက်မှုဇုန်မှာအလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေအတွက် သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ၊ လုပ်ငန်းဆောင်တာတွေ၊ ဆောင်ရန် ရှောင်ရန်တွေအားလုံးကို ရွှေဂျော့က လမ်းညွှန်ပေးနိုင်တာကို တွေ့ရပါတယ်။

ရွှေဂျော့ အက်ပလီကေးရှင်းရဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့ စက်ပစ္စည်းကိုင်တွယ်ရာမှာ ဘေးကင်းစေဖို့ လမ်းညွှန်ချက်တွေဟာလည်း စက်မှုဇုန်၊ စက်ရုံ၊ အလုပ်ရုံ လုပ်သားတွေအတွက် အထောက်အကူကောင်းတစ်ခုဖြစ်ပါတယ်။ အပ်ချုပ်စက်၊ ဖြတ်စက်၊ ဘွိုင်လာ၊ မီးစက်၊ ဝန်ချီစက်အစရှိတဲ့ စက်ပစ္စည်းတွေကို ဘေးကင်းစွာ ကိုင်တွယ်နိုင်ဖို့ သတိပေးချက်တွေကိုလည်း တွေ့ရ


M50A
4G SMARTPHONE
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
MPT ၏ အထူးမြန်နှုန်းမြင့် 4G ကွန်ရက်အတွက်
အလိုက်ဖက်ဆုံးရွေးချယ်မှု
အပိုဆုလက်ဆောင်များ နှင့် ကြာရှည်ခံ ဘက်ထရီ
89,000 Ks
2.5GBx6
SIM :
Dual SIM and Standby
Memory :
ROM 8GB+RAM 1GB
Network :
2G/3G/4G(LTE)
Display :
5"HD
Camera :
5.0MP(Front) + 8.0 AF MP (Back)
Battery :
2800mAh
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးသုံးစာရေးကိရိယာ (စက္ကူ)ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး/ဦးစီးဌာနများ/တက္ကသိုလ်များတွင် အသုံးပြုရန် ရုံးသုံးစာရေးကိရိယာ(စက္ကူ)၊ နိုင်ငံခြား A4 (70gsm/80gsm)၊ နိုင်ငံခြား Legal (70gsm/80gsm)၊ နိုင်ငံခြား A3 (70gsm/80gsm) နှင့် ပြည်တွင်းထုတ်စက္ကူ (A4/Legal) များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇ရက်
(ခ) **တင်ဒါရောင်းချမှု ပိတ်သိမ်းရက်** - ၄-၈-၂၀၁၇ရက်
(ဂ) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁၅-၈-၂၀၁၇ရက် ၁၀း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်သိရှိလိုပါက တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၀၃၃သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(၁)ခန်းလျှင် ၆၅၀ စတုရန်းပေ(၄)ခန်းတွဲ RC ပတ်လည်နှစ်ထပ် (ရေ၊ မီး၊ မိလ္လာအပါ) ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၄-၇-၂၀၁၇ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို ၁၃-၈-၂၀၁၇ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါ ရောင်းချ/တင်သွင်းရမည့် လိပ်စာမှာ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တောင်ကြီးမြို့ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး ဖုန်း-၀၈၁-၂၀၆၈၂၉၊ ၀၈၁-၂၁၂၅၆၂၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းနှင့် မီဒီယာ(၃၇၉)မျိုးနှင့် ဓာတ်ခွဲခန်းလုပ်ငန်းသုံးပစ္စည်း(၉၄)မျိုးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် (က)ဓာတ်ခွဲခန်းသုံးဓာတုပစ္စည်းနှင့် မီဒီယာ (၃၇၉)မျိုးနှင့် ဓာတ်ခွဲခန်းလုပ်ငန်းသုံးပစ္စည်း (၉၄)မျိုး စုစုပေါင်းပစ္စည်းအမယ်(၄၇၃)မျိုးကို ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၁၇-၇-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၆-၇-၂၀၁၇ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၇၇နှင့် ၀၆၇-၄၀၈၄၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ 66/11kV, 5MVA ကျောက်ထုဓာတ်အားခွဲရုံတွင် Switch Bay တိုးချဲ့ခြင်းအတွက် လိုအပ်သောပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၇
**တင်ဒါပိတ်မည့်ရက်** - ၁၆-၈-၂၀၁၇
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## CLAIMS DAY NOTICE

## M.V LE MANS EXPRESS VOY:NO (3)

